# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၈၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလွန်အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတွင် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

# ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတစ်ရပ်ကျင်းပပြုလုပ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၀

အလွန်အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားနိုင်ရေး အထူးအစည်းအဝေးတစ်ရပ်ကို ယနေ့နံနက်အစောပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ဧည့်ခန်း၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑


ယနေ့ ဖတ် စ ရာ

ငလျင်ဒဏ်သင့်ဒေသများအတွက် ပြည်ပနိုင်ငံများမှ လှူဒါန်းသည့် ပစ္စည်းများ ဆက်လက်ရောက်ရှိ — ပြည်တွင်းသတင်း — စာ ၆

၂၀၂၅ အလွန် ဗဟုဝင်ရီးကမ္ဘာ သုံးသပ်ဆွေးနွေးပွဲမှ အမြင် — ဆောင်းပါး — စာ ၁၀

# ကရုဏာစိတ်ထားနှင့် လူသားစိတ်ဓာတ်

အင်အားအလွန်ပြင်းထန်သည့် မြေငလျင်ကြီးသည် သက်ရှိသက်မဲ့ အရာဟူသမျှကို ၎င်း၏အစွမ်းရှိသမျှဖြင့် လှုပ်ခတ်ဖျက်ဆီးသွားခဲ့ခြင်း ဖြစ်သည်။ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး၊ အမျိုးသား၊ အမျိုးသမီး၊ လူကြီးလူငယ်၊ လသားလေးလည်းမချန်၊ ဝန်ထမ်း၊ လုပ်သား၊ ရာထူးကြီးသူ၊ ရာထူးငယ်သူလည်း မကျန် မြေငလျင်ကြီး၏ ဘေးအန္တရာယ်ကျရောက်ရာ နေရာဒေသတိုင်းမှာ ထိခိုက်ပျက်စီး ကြရခြင်းဖြစ်သည်။

ငလျင်လှုပ်ခတ်သည့်နေ့သည် အစိုးရရုံးဖွင့်ရက်ဖြစ်သည့် အလျောက် ဝန်ထမ်းများ၊ အလုပ်သမားများ လုပ်ငန်းခွင်အသီးသီးတွင် အလုပ်လုပ်နေကြချိန်ဖြစ်သည်။ ဆေးရုံများတွင် အရေးကြီးလူနာများ ပြုစုကုသနေချိန်၊ တက္ကသိုလ်တွင် ဆရာ၊ ဆရာမများက တက္ကသိုလ် ဝင်စာမေးပွဲအဖြေလွှာများ စစ်ဆေးနေချိန်၊ စာဖြေသံဃာတော်များ အစိုးရပရိယတ္တိစာမေးပွဲ ဖြေဆိုနေချိန်၊ အစ္စလာမ်ဘာသာဝင်များ ဥပုသ်လဝတ်ပြုနေချိန်၊ နေအိမ်များတွင် မိသားစုများထမင်းစားနေချိန် ဖြစ်သည်။ ထိုအချိန်တွင် ဖြစ်ပေါ်ခဲ့သည့် ထိတ်လန့်ချောက်ချားဖွယ် ဖြစ်ရပ်များကို မိမိတို့ကိုယ်တိုင်ကြုံတွေ့ကြရသလို မျက်မြင်လည်း တွေ့ရှိကြရသည်။ ကြီးမားလှသည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ ရသည့်အချိန်၊ မိမိကဲ့သို့ပင် ဘဝတူလူသားများ ဒုက္ခခံစားကြရသည်ကို တွေ့မြင်ရသည့်အချိန်တွင် စာနာထောက်ထားစိတ်၊ ကရုဏာစိတ် ဖြစ်ပေါ်ခြင်းသည် လူသားဆန်ခြင်းပင်ဖြစ်ပြီး အစွန်းရောက်ကြမ်းတမ်း ခက်ထန်သူများမှလွဲလျှင် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင် ဖြစ်စေ လူသားပီသစွာခံစားကြရသည်။

ကရုဏာစိတ်နှင့်အတူ ဖြစ်ပေါ်လာသည့်အရာမှာ ဘေးဒုက္ခ ခံစားနေကြရသူအပေါင်း ၎င်းတို့ခံစားနေကြရသည့် ဘေးဒုက္ခများ လျော့ပါးသက်သာ လွတ်မြောက်စေလိုသည့်စိတ်ဖြစ်သည်။ တစ်ပါး သူတို့၏အကျိုးကို လိုလားခြင်းဖြစ်၍ မေတ္တာစိတ်ဟုဆိုရမည်ဖြစ်သည်။ ဘေးဒုက္ခခံစားနေကြရသူများ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ကူညီကယ်ဆယ်ကြသည့် အများအကျိုးဆောင်အဖွဲ့အစည်းများ သည် ကရုဏာစိတ်၊ မေတ္တာစိတ်တို့ အရင်းခံ၍ ပရဟိတအလုပ်များ ကို လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြီးများကို နှစ်မခြားဆက်တိုက်ကြုံတွေ့ခဲ့ ရာ လူမှုကယ်ဆယ်ရေးအလုပ်များကိုလည်း တစ်နှစ်ပြီးတစ်နှစ် ဆိုသလို ဆောင်ရွက်ခဲ့ကြရသည်။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခများမှာ မိမိတို့ ရှေ့တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဘေးအန္တရာယ်များထက် လွန်စွာ ကြီးမားလျက်ရှိသည့်အလျောက် မိမိတို့အကြားတွင် ကွဲပြားခြားနားမှု မရှိဘဲ လူသားဆန်မှုကို ပြသကြရန်လိုသည်။ ဘေးဒုက္ခခံစားနေကြရ သူများအားလုံး ဘေးဒုက္ခများမှ လွတ်မြောက်စေလိုသည့် မေတ္တာ၊ ကရုဏာ စိတ်များထားရှိကာ လက်တွေ့ကာယကံမြောက်လည်း ကူညီကယ်ဆယ်ဆောင်ရွက်ပေးကြရန်လိုသည်။ ယခုအခါ မိမိတို့ နိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ဘေးဒုက္ခကယ်ဆယ်ရေးအတွက် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ မည်သည့်အချိန်အခါကနှင့်မှ မတူအောင် လာရောက်ကူညီဆောင်ရွက်ပေးလျက်ရှိရာ မြေငလျင် လှုပ်ခတ်မှုဖြစ်ပွားပြီး မကြာမီမှာပင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဘေးဒုက္ခဖြစ်ပေါ်ရာ ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ခြင်း၊ ဘေးဒုက္ခဖြစ်ပွားရာဒေသအားလုံးကို အရေးပေါ်အခြေအနေကြေညာ ပြီး ပြည်ပအကူအညီများပေးနိုင်ရန်လည်း လမ်းဖွင့်ပေးထားခြင်း၊ ကူညီကယ်ဆယ်ရေးကမ်းလှမ်းမှုများကို ခွင့်ပြုခြင်း၊ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းမဆို လာရောက်ကူညီနိုင်ရန် ဖိတ်ကြားခဲ့ခြင်း စသည်ဖြင့် မြေငလျင်ဒဏ်ခံစားခဲ့ရသူ ပြည်သူများအတွက် ကူညီ ကယ်ဆယ်မှုများ ပိုမိုရရှိနိုင်စေရန် ရိုးသားပွင့်လင်းစွာ ဖိတ်ခေါ်ခဲ့ ခြင်းကြောင့်ပင်ဖြစ်သည်။

မတ်လ ၂၈ ရက်မွန်းလွဲပိုင်းမှစ၍ ဖြစ်ပေါ်ခဲ့သည့် မြေငလျင်ကြီး တွင် ပျောက်ဆုံးနေသူများ၊ အပျက်အစီးများအောက်တွင် နာရီပေါင်း များစွာကြာမြင့်အောင် ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်နေရဆဲ ဖြစ်ပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးတို့ အပူတပြင်းဆောင်ရွက်နေ ရချိန်တွင် မိမိတို့အားလုံး လူသားဆန်ကြရန်လိုပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး စသည့် မည်သည့်အရေးတွင်မှ အခွင့်အရေးမယူကြရန်၊ အမြတ်မထုတ်ကြရန်၊ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားဖြင့် လိုအပ်သမျှတွင် မိမိတို့ စွမ်းနိုင်သမျှ ဝိုင်းဝန်းကူညီကြပါရန် နှိုးဆော်တိုက်တွန်းအပ် ပါကြောင်း။ ။



# ဝမ်းနည်းကြောင်းထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၂၅-ခုနှစ်၊ မတ်လ (၃၀)ရက်

၁။ ၁၃၈၆-ခုနှစ်၊တပေါင်းလပြည့်ကျော်(၁၅)ရက်၊၂၈-၃-၂၀၂၅ (သောကြာနေ့)၊ မွန်းလွဲ(၁၂) နာရီ (၅၁) မိနစ်(၂) စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် (၂၁) ကီလိုမီတာခန့် အကွာ၊ မန္တလေးမြို့နှင့် (၂၀)ကီလိုမီတာခန့်အကွာဒေသ၌ အနက် (၁၀)ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး(၇.၇) အဆင့် ရှိ အလွန်ပြင်းထန်သော အင်အားရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ ပြီး နောက်ဆက်တွဲငလျင်ငယ်များ လှုပ်ရှားခဲ့ကြောင်း သက်ဆိုင်ရာ ဌာနများ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

၂။ အဆိုပါ ပြင်းထန်ငလျင် လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခံရ သည့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ကို နိုင်ငံတော်အစိုးရ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုကော်မတီက အရေးပေါ်အခြေအနေအဖြစ် ကြေညာထား သည်ကို သိရှိရပါသည်။

၃။ အဆိုပါ ငလျင်လှုပ်ခတ်သည့်၁၃၈၆-ခုနှစ်၊တပေါင်းလပြည့် ကျော်(၁၅) ရက်၊(၂၈-၃-၂၀၂၅) သောကြာနေ့တွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ဩဝါဒအရ သာသနာရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော ဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့အဖြစ် ဖြေဆိုနေသော အချိန်လည်းဖြစ်ပါသည်။ သို့ဖြစ်ရာ စာဖြေသံဃာတော်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျလာသည့် သာသနိကအဆောက်အအုံများ အတွင်းပိတ်မိ၍ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျံလွန်တော်မူခြင်းများ ဖြစ် ပေါ်ခဲ့ရသည့်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် များစွာဝမ်းနည်းစိတ်မကောင်း ဖြစ်ရပါသည်။

၄။ ထို့အပြင် ငလျင်ဗဟိုပြုလှုပ်ခတ်ခြင်းခံခဲ့ရသဖြင့် အဓိကခံစား ခဲ့ရသော စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ လူနေတိုက်တာ အဆောက်အအုံများ ပြိုကျပျက်စီးမှုကြောင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ယနေ့(၃၀-၃-၂၀၂၅) ရက်နေ့အထိ သေဆုံးခဲ့ရသူ စုစုပေါင်း ၁၆၄၄ ဦး ဒဏ်ရာရရှိသူ စုစုပေါင်း ၃၄၀၈ ဦး၊ ပျောက်ဆုံးနေသူ ၁၃၉ ဦးဖြစ်ပြီး ထိုသို့အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ပျောက်ဆုံးခြင်းစသည့် ပျက်စီးဆုံးရှုံးရမှုများ ဖြစ်ခဲ့ကြရသည့်အတွက်လည်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အနေဖြင့် လွန်စွာကြေကွဲ ဝမ်းနည်းဖြစ်ရပါကြောင်းနှင့် ငလျင်ဒဏ်ကို ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ပြည်သူများ၏ အသက်အိုးအိမ် ပျက်စီးဆုံးရှုံးရမှုများအတွက် လွန်စွာစိတ်မကောင်း ဖြစ်ရပါသည်။

၅။ ထို့အပြင် ငလျင်ဒဏ်သင့်ဒေသအများစုသည် သမိုင်းဝင် သာသနိကအဆောက်အအုံများ၊ စေတီပုထိုး၊ ဂူကျောင်း၊ ပြာသာဒ်များ တည်ရှိရာဒေသများဖြစ်သည်နှင့်အညီ သာသနာတော်နှင့်စပ်ဆိုင် သော သမိုင်းဝင်အထောက်အထားများ၊ အသုံးပြုဆဲသာသနိက အဆောက်အအုံများ ပြိုကျပျက်စီးဆုံးရှုံးရမှုများ၊ သာသနိက အဆောက်အအုံများသာမက လူနေမှုဘဝ တိုးတက်မြင့်မားရေး အထောက်အကူပြုလမ်း၊ တံတား၊ ရေတွင်း၊ ရေကန်စသည့်အဆောက် အအုံများ၊ လူနေအိမ်ဂေဟာများ၊ အခြားဘာသာဝင်တို့၏ ဘာသာရေး အဆောက်အအုံများ၊ အခြားသော ပျက်စီးဆုံးရှုံးမှုများအတွက် လွန်စွာ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ပျက်စီးတတ်သော သဘော၏ပျက်စီးခြင်းများကို သံဝေဂဖြစ်ရပါကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

# ဗဟန်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် မတ် ၃၀**

အသက်မပြည့်သေးသည့် ကလေး သူငယ်များ မတရားအလုပ်ခိုင်းစေ မှုများ ပပျောက်စေရန်ရည်ရွယ်ပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို မတ် ၂၅ ရက်က ရန်ကုန်အနောက် ပိုင်းခရိုင် လူထုအခြေပြု ဗဟိုဌာန (ဗဟန်း)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေး ခိုင်က အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် လူမှု ဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ပပမောင်က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ များကို ရှင်းလင်းပြောကြား ခဲ့သည်။

ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးဌေး က ကလေးအလုပ်သမား အဓိပ္ပာယ်၊ ကလေးအလုပ်သမား အသက်အရွယ် တွေ့ပါများသော လုပ်ငန်းခွင်များ၊ အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်း၊ မြန်မာနိုင်ငံရှိ အမျိုးသားရေးကဏ္ဍနှင့် ဆောင် ရွက်ထားရှိမှုတို့ကို ပြောကြားပြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဒုရဲအုပ်လင်းထွဋ်က



ခိုင်းစေမိလျှင် ခံရမည့်ပြစ်မှု ပြစ်ဒဏ်များ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက် ရောက်လာကြသူများက ခန်းမ အတွင်းပြသထားသည့် ကလေး အလုပ်သမား ပပျောက်ရေး အကောင်ထည်ဖော် ဆောင်ရွက် ထားသည့် မှတ်တမ်းများကို လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တက်ရောက်ကြသည်။

**အပိုင်း ၃ ပိုင်းဖြင့် ဆောင်ရွက်သွားရမည်**

ဦးစွာ တက်ရောက်လာကြသူများက ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတကာမှ ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့များနှင့် ဆေးအဖွဲ့များ စေလွှတ်ပေးနိုင်ရေး ကမ်းလှမ်းလာခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပြိုကျပျက်စီးသွားသော အဆောက်အအုံများနှင့် အပျက်အစီးများအား ရှင်းလင်းဖယ်ထုတ်ခြင်းအပိုင်း၊ ပြိုကျပျက်စီးနေဆဲ အဆောက်အအုံများကို ဘေးအန္တရာယ်မဖြစ်စေရေး စနစ်တကျရှင်းလင်းဖယ်ရှားခြင်းအပိုင်း၊ ပြန်လည်တည်ဆောက်ခြင်းအပိုင်းဟူ၍ အပိုင်း ၃ ပိုင်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင် အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အား များစွာကို သုံးစွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးရန်လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတကာမှအကူအညီများတောင်းခံရာတွင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း ထည့်သွင်းတောင်းခံသွားရန်လိုကြောင်း၊ အဆောက်အအုံအာမခံလုပ်ငန်းများတွင် အာမခံထားရှိမှုများကိုလည်း စနစ်တကျစိစစ်၍ အာမခံငွေကြေးများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**❍ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊ နိုင်ငံပိုင်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ငွေကြေးအင်အား၊ လူအင်အား၊ ယာဉ်ယန္တရားအင်အားများစွာကို သုံးစွဲဆောင်ရွက်သွားရမည်**

**❍ ပုဂ္ဂလိကတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ထောက်ပံ့ပေးရန် လိုအပ်မည်ဖြစ်သဖြင့် နိုင်ငံတကာမှအကူအညီများ တောင်းခံရာတွင် ပြန်လည်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများကိုလည်း ထည့်သွင်းတောင်းခံသွားရန်လို**

**ပြန်လည်ကောင်းမွန်အောင်ဆောင်ရွက်**

နိုင်ငံတကာမှလာရောက်သည့် ကူညီကယ်ဆယ်ရေးအဖွဲ့များအတွက် နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံး ယခင်အခြေအနေအတိုင်း ပြန်လည်သွားလာနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စစ်ကိုင်း-မန္တလေးလမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်းဝ) ရထားလမ်းကူးတံတား ပြိုကျပျက်စီးနေမှုအား အမြန်ဆုံးပြန်လည်ဆယ်တင်ဆောင်ရွက်သွားရန်လိုပြီး ရေလမ်းကြောင်း အမြန်ပြန်ပွင့်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ယင်းရထားလမ်းအပြင် အခြားငလျင်ဘေးဒဏ်ကြောင့် ယိုယွင်းမှုများဖြစ်ပေါ်ခဲ့ရသည့် ရထားလမ်းများကိုလည်း အမြန်ဆုံးပြန်လည်ပြေးဆွဲပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လေယာဉ်ပြေးလမ်းများကိုလည်း အမြန်ဆုံး ပြန်လည်ပြုပြင်ဖွင့်လှစ်ပေးသွားရန်လိုကြောင်း၊ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် လမ်းတံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် တန်ချိန်များစွာကို မတင်နိုင်သည့် ကရိန်းကားများကိုလည်း ငလျင်ဘေးဒဏ်သင့်ဒေသများသို့ အမြန်ဆုံး စေလွှတ်ဆောင်ရွက်သွားစေရန်လိုကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် ခိုင်ခိုင်မာမာဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးနန်းမြို့ရိုးတစ်လျှောက် ထိခိုက်ပျက်စီးမှုသည် ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ရှေးမူလက်ရာမပျက် ဆောင်ရွက်သွားရန်နှင့် အုတ်ရိုးပြုပြင်မှုအား အရည်အသွေးမြင့်၊ စံချိန်မီအုတ်များကို အသုံးပြု၍ မိုးမကျမီပြုပြင်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးမြို့တွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် အဆောက်အအုံနေရာ အနည်းငယ်အတွင်း သံဃာတော်များ အများအပြားသီတင်းသုံးနေထိုင်လျက်ရှိသဖြင့် သံဃာတော်များအားလုံး၏ ဆွမ်းကွမ်းနှင့် ဝေယျာဝစ္စကိစ္စရပ်များအားလုံး အဆင်ပြေစေရေး သင့်လျော်သည့်စီမံမှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

**စနစ်တကျ မှတ်တမ်းပြုစုထားရှိ**

ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သင်ခန်းစာယူ၍ လမ်းတံတားနှင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်စံနှုန်းများကို စနစ်တကျတွက်ချက်ဆောက်လုပ်စေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလှုပ်ခတ်ခဲ့သည့် ငလျင်ဆိုင်ရာ အချက်အလက်နှင့် ဖြစ်ပေါ်မှုများကိုလည်း စနစ်တကျ မှတ်တမ်းပြုစုထားရှိရန်နှင့် ထုတ်ပြန်မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ရာတွင်လည်း ငလျင်ဘေးဒဏ်သင့်ခဲ့ရသူများအားလုံး၊ ရသင့်ရထိုက်သူများအားလုံး ရရှိစေရေး စနစ်တကျ စာရင်းပြုစုဆောင်ရွက်သွားရန်လိုပြီး စားရေး၊သောက်ရေး အဆင်ပြေအောင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စာရင်းများ မထပ်စေရေးနှင့် ကျန်နေခဲ့ရသူများ မရှိစေရေး မျှမျှတတဖြစ်စေရေး တာဝန်ရှိသူများအားလုံးက ကြပ်ကြပ်မတ်မတ်ဖြင့် စနစ်တကျ စာရင်းကောက်ယူပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို များစွာဆောင်ရွက်သွားရမည်ဖြစ်ပြီး ဦးစားပေးအဆင့်အလိုက် အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး ငလျင်ဘေးဒဏ်သင့်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား

နေပြည်တော် မတ် ၃၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လိုက်လံကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ငလျင်ဘေးဒဏ်သင့်မှုကြောင့် လမ်းတံတားပျက်စီးမှုများအား ယာယီသွားလာနိုင်ရန် လမ်းပြင်ဆင်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်သင့်မှုကြောင့် ဆေးရုံထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြိုကျပျက်စီးခဲ့မှုကြောင့် ဆေးရုံအတွင်း၌ ပိတ်မိနေသူများအား အမြန်ဆုံး ပြန်လည်ဆွဲထုတ်နိုင်ရေးနှင့် အဆောက်အအုံထိခိုက်ပျက်စီးမှုအား အမြန်ဆုံးရှင်းလင်း

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥတ္တရသီရိအထွေထွေရောဂါကုဆေးရုံကြီး ငလျင်ဘေးဒဏ်သင့်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအား ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ဖယ်ရှားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဝိုင်းဝန်းဆောင်ရွက်**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေး ဝန်ထမ်းများနှင့် အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အတူတကွပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့် ငလျင်လှုပ်ခတ်ပြီးနောက် ၁၈ နာရီအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးသောရောက်ရှိလာသည့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့တွင် အဖွဲ့ဝင် ၃၇ ဦး ပါရှိပြီး အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၁၂ စုံနှင့် အတူ မတ် ၂၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် နေပြည်တော်သို့ရောက်ရှိကာ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက် ပေးနေခြင်းဖြစ်ပြီး ဥတ္တရသီရိ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ပိတ်မိနေသူ သက်ကြီး အမျိုးသမီးတစ်ဦးကို ယနေ့နံနက် ၄ နာရီခန့် (ငလျင်လှုပ်ခတ်ပြီး ၃၆ နာရီကျော်)၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**အားပေးစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်အတွင်းရှိဓမ္မာရုံတော် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုအား ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ကူညီကယ်ဆယ်ရေးအဖွဲ့များအား အားပေးစကားပြောကြားသည်။

**မေးမြန်းလျှောက်ထား**

ထို့နောက် သက်တော် ၉၂ နှစ်၊ ဝါတော် ၇၂ ရှိပြီဖြစ်သည့် ခေမာသီဝံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ ဘဒ္ဒန္တတေဇနိယ အား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်းလျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးနေသည့် အုတ်ပုံ အပျက်အစီးများအား အမြန်ဆုံး ဖယ်ရှားဆောင်ရွက်သွားရန်၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး ဦးစားပေးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

**အင်တိုက်အားတိုက် ဆောင်ရွက်**

ငလျင်ဘေးဒဏ် သင့်ခဲ့သည့် ဒေသများအားလုံး၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများအားလုံး စု၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ)စံပြကွက် ကွင်းသရုပ်ပြ

**ကော့သောင်း မတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ကော့သောင်းခရိုင် ရွှေပြည်စိုးကျေးရွာတွင် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ)စံပြကွက်ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ပြုလုပ်သည်။ **(ဝဲပုံ)**

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဦးဆန်းဝင်းအောင်က ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အရေးပါသည့်အခန်းကဏ္ဍတစ်ခုဖြစ်သည့် မြေဆီလွှာပြုပြင်ရေးတွင် ပဲမျိုးရင်းဝင်အပင်များဖြစ်သည့် ပိုက်ဆံလျှော်(သစ်စိမ်းမြေဩဇာ) ပြုလုပ်သုံးစွဲခြင်းသည် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ကမ်းရိုးတန်းဒေသဖြစ်သည့်ရေငန်ဝင်ရောက်မှုများသည့် မြေအမျိုးအစားနှင့် ရေကြာရှည်စွာဝပ်သည့် မြေမျိုးတွင် စိုက်ပျိုးရာ၌ အောင်မြင်မှု နည်းများအကြောင်း၊ ပိုက်ဆံလျှော်ပင်ကို အဓိက အားဖြင့် ၄၅ ရက် (သို့မဟုတ်) ပန်းမပွင့်မီ၊ ထယ်ထိုး ထွန်မွှေခြင်း (သို့မဟုတ်) သဘာဝမြေဆွေးပုံ ပြုလုပ် သုံးစွဲခြင်းအကြောင်း၊ ပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ကော့သောင်းခရိုင် မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဦးဆန်းဝင်းအောင်က ပိုက်ဆံလျှော်စိုက်ပျိုးခြင်း နည်းစနစ်များနှင့် မြေဆီလွှာ အာဟာရဓာတ်အတွက် အသုံးဝင်ပုံများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato' Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား



မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato' Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် ပြင်းထန်စွာ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအတွင်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့မှုများနှင့် ပတ်သက်၍ အကူအညီများ ပေးအပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ် Dato' Seri Haji Anwar bin Ibrahim နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မလေးရှားနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံအနေဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရပါကြောင်း၊ ယနေ့နံနက်ပိုင်းတွင်လည်း မိမိတို့နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့ကို လေယာဉ်ဖြင့် စေလွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ရုပ်သံအစည်းအဝေးပြုလုပ်၍ အဆွေတော် အပါအဝင် အာဆီယံအဖွဲ့ဝင်မိသားစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ မည်သို့ကူညီဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့်သော်လည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်အနေဖြင့်သော်လည်းကောင်း မိမိတို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ဖုန်းဖြင့် ဆက်သွယ်ပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်တို့နိုင်ငံ၏ အကူအညီပေးမှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ AHA စင်တာ၏ အကူအညီပေးမှုဖြင့် ယမန်နေ့ကလည်း စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိ တာဝန်ထမ်းဆောင်နေပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ သေဆုံးသူ ၁၇၀၀ ခန့်နှင့် ဒဏ်ရာရရှိသူ ၃၄၀၀ ခန့်ရှိပြီး ပျောက်ဆုံးသူ ၃၀၀ နီးပါးခန့်ရှိကြောင်း၊ သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း၊ အခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲများရှိနိုင်ပါကြောင်း၊ အဓိကအားဖြင့် ယခုကဲ့သို့ အခက်အခဲဖြစ်ပေါ်နေချိန်တွင် အဆွေတော်တို့နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုအတွက်လည်း ကျေးဇူးတင်ရှိကြောင်းနှင့် အာဆီယံအသိုင်းအဝိုင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

> ◆ **မလေးရှားနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ နိုင်ငံအနေဖြင့်သော်လည်းကောင်း မြန်မာနိုင်ငံတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအပေါ် မိမိတို့အနေဖြင့် ဝမ်းနည်းကြေကွဲရ၊ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ရုပ်သံအစည်းအဝေးပြုလုပ်၍ အဆွေတော်အပါအဝင် အာဆီယံအဖွဲ့ဝင်မိသားစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မည်သို့ကူညီဆောင်ရွက်ရမည်ကို ဆွေးနွေးခဲ့**
>
> မလေးရှားနိုင်ငံ ဝန်ကြီးချုပ်
> Dato' Seri Haji Anwar bin Ibrahim

> ❖ **ယခုကဲ့သို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့်သော်လည်းကောင်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ်အနေဖြင့်သော်လည်းကောင်း မိမိတို့မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို ဖုန်းဖြင့် ဆက်သွယ်ပြောကြားပေးမှုများအတွက် ကျေးဇူးတင်ရှိ၊ အဆွေတော်တို့ နိုင်ငံ၏ အကူအညီပေးမှုများကိုလည်း ကျေးဇူးတင်ရှိ**
>
> နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
> နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ထို့နောက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံသည် မလေးရှားနိုင်ငံနှင့်ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည့် နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကူညီမှုများကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံအတွက် ပေးအပ်နိုင်မည့် အကူအညီများ ပေးအပ်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုရန်အတွက် အဆွေတော်တို့နိုင်ငံသို့ စေလွှတ်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မလေးရှားနိုင်ငံသည် မိမိတို့နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်သည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အဆွေတော်တို့ နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်မှုကိုလည်း မိမိတို့နိုင်ငံမှ ကြိုဆိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအသိုင်းအဝိုင်းအတွင်း မှန်ကန်သည့် စိတ်သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မလေးရှားနိုင်ငံအနေဖြင့်သော်လည်းကောင်း၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ အနေဖြင့်သော်လည်းကောင်း ယခုကဲ့သို့ဆက်သွယ်မေးမြန်း ကူညီဆောင်ရွက်ပေးသည့်အတွက်လည်း မိမိတို့နိုင်ငံအတွက် ခွန်အားများစွာရရှိစေပြီး မိမိနှင့် မြန်မာနိုင်ငံ ပြည်သူများအနေဖြင့် များစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ငလျင်ဒဏ်သင့်ဒေသများအတွက် ပြည်ပနိုင်ငံများမှ လှူဒါန်းသည့်ပစ္စည်းများ ဆက်လက်ရောက်ရှိ

**နေပြည်တော် မတ် ၃၀**

ငလျင်ဒဏ်သင့် ဒေသများ၌ ပျက်စီးဆုံးရှုံးမှုများအား နိုင်ငံတော်အစိုးရအနေဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပြီး ပြည်ပမှလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိစေရေးအတွက် လမ်းဖွင့်ပေးထားပြီဖြစ်ရာ ယနေ့တွင် မလေးရှားနိုင်ငံ အစိုးရမှပေးအပ်လှူဒါန်းသည့် တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် တာပေါ်လက်စများ တင်ဆောင်လာသည့် မလေးရှားနိုင်ငံလေကြောင်းလိုင်းမှ လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ခံရယူသည်။

ဆက်လက်ပြီး ယနေ့ ၃ နာရီ ၅ မိနစ်ခန့်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပေးအပ်လှူဒါန်းသော ဆန်၊ ပဲ စသည့်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်တပ်မတော်မှတပ်မတော်လေယာဉ်နှစ်စင်းဖြင့် သယ်ဆောင်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ အဆိုပါ မြန်မာနိုင်ငံရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းသည့် ပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ သံအမတ်ကြီး H.E. Dr Md Monwar Hossain က ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူသည်။

ယင်းနောက် ညနေ ၅နာရီ ၄၄ မိနစ်တွင် ဗီယက်နမ်နိုင်ငံ Vietjet Airline ဖြင့် ဗီယက်နမ်နိုင်ငံသား ကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် Mr. Minhduc Bui ပါ အဖွဲ့ဝင် ၁၀၆ ဦး၊ အနံ့ခံ(ရှာဖွေကယ်ဆယ်ရေး)ခွေး ရှစ်ကောင်တို့နှင့် မြန်မာနိုင်ငံရှိ မြေငလျင်ဘေးဒဏ်သင့် ဒေသများအတွက် ကူညီလှူဒါန်းရန် ကယ်ဆယ်ရေးပစ္စည်းများ ၁၁၆၃၉ ကီလိုဂရမ်အား တင်ဆောင်၍ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E.Mr. Ly Quoc Tuan နှင့် သံရုံးမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချ လုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၂၈-၃-၂၀၂၅ ရက်နေ့တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ ကီလိုမီတာကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း အနက်(၁၀)ကီလိုမီတာကို ဗဟိုပြု၍ ရစ်(ခ်)စတာစကေး ၇ ဒသမ ၇ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ (၁-၄-၂၀၂၅) ရက်နေ့တွင် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် လှူဒါန်းမည့် အလှူရှင်များအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | | |
|---|---|---|
| နေပြည်တော်<br>ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၇၀၁<br>၀၉-၂၀၂၁၄၉၁ | ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၇၀၂<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၇၀၃<br>၀၉-၄၃၀၅၄၈၄၄ |

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် နေပြည်တော်ရှိ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်ဝန်ထမ်းများနှင့် မိသားစုဝင်များအား ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၃၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ မြေငလျင်ဘေး ဒဏ်ခံစားခဲ့ရသော စွမ်းအင် ဝန်ကြီးဌာနမှ လူပျို/အပျို ဆောင်များမှ ဝန်ထမ်းများ၊ အိမ်ရာများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား အားပေးနှစ်သိမ့်ခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးသည်။ ထို့နောက် ဝန်ထမ်းအိမ်ရာများတွင် သောက်ရေနှင့် သုံးရေများ ဖြည့်ဆည်းပေးခြင်း၊ ယာယီဆေးပေးခန်းတွင် ကျန်းမာရေး စောင့်ရှောက်ကုသပေးခြင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြေငလျင်ကြောင့် ပြိုကျပျက်စီးသွားသော ဗလသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၂၂၀၄) နှင့် (၂၂၀၅) မှ ဝန်ထမ်းမိသားစု ၄၈ စုအတွက် ပြောင်းရွှေ့ပေးမည့် ယာယီတည်းခိုရေးအဆောင်များ၊ ဝန်ထမ်းမိသားစုများ၏ ပစ္စည်းများအား ယာယီထိန်းသိမ်းထားရှိမည့် နေရာနှင့် ဆက်လက်နေထိုင်ရန်မသင့်သောအဆောက်အအုံများမှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား ယာယီပြောင်းရွှေ့ ထားရှိမည့် ယာယီတဲများ တည်ဆောက်မည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ငလျင်ဒဏ်ကြောင့် ပိတ်မိနေသူများအား ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် စစ်ကိုင်းမြို့ သကျမိတာ သီလရှင်စာသင်တိုက် အဆောက်အအုံ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား မတ် ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သီလရှင် တစ်ပါးအား အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့ပါသည်။

အလားတူ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မျက်မမြင်ကျောင်း၊ သီလရှင်ကျောင်း၊ လူနေအိမ်များ၊ ပိုးတန်းရပ်ကွက်ရှိ ပညာရေးကောလိပ်၊ အ.ထ.က (၁)စာသင်ကျောင်း၊ စွယ်တော်နန်း တည်းခိုခန်း၊ တိုးတက်ဝေကွန်ပျူတာဆိုင်၊ ချင်းစုရပ်ကွက်ရှိ မြတ် ကိုယ်ပိုင်ကျောင်း၊ မင်းလမ်းရပ်ကွက်ရှိ မြို့မဗလီ၊ မိုးကျဗလီ၊ ရွှေးကြူအအေးဆိုင်၊ စက်ချုပ်ဆိုင်၊ စိန်ကုန်းရပ်ကွက်ရှိ လေးကျွန်းမြေအုတ်ကျောင်း၊ ကုန်မာဆိုင်၊ မိုးဇာရပ်ကွက်ရှိ ခရိုင်ပြန်ဆက်ရုံး၊ ဇေယျာကွက်သစ် ရပ်ကွက်ရှိ အင်ကြင်းပင်ကျောင်း၊ တကောင်းရပ်ကွက်ရှိနေလဂျုံစက်၊ ဆေးရွက်ကြီးပွဲရုံ၊ မြို့သစ်ရပ်ကွက်ရှိ သီလရှင်ကျောင်း၊ သကျမိတာစာသင်တိုက်နှင့် သောတာပန်ရပ်ကွက်ရှိ ထွဋ်ခေါင်ကျောင်း၊ ရတနာသိခ်စာသင်တိုက်၊ ဇမ္ဗူဒီပကျောင်းတိုက်၊ တိုက်ဝါကြီး ဘုန်းတော်ကြီးကျောင်းတိုက်နှင့် အခြားနေရာများရှိ ပိတ်မိနေသူများအား စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၃၆ ဦးကို အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့သည်။

ထို့အပြင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ငလျင်လှုပ်ခတ်မှုကြောင့် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ်(၂၃၃၆) အဆောက်အအုံ ပြိုကျ၍ ပိတ်မိနေသူများအား မတ် ၃၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် နေပြည်တော်မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ပျော်ဘွယ်မြို့ရှိ ကမ္ဘောဇဘဏ် အဆောက်အအုံနှင့် မြင်းဘက်ရပ်ကွက်အတွင်းနေအိမ်များ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား မတ် ၃၀ ရက်တွင် ပျော်ဘွယ်မြို့နယ် မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အသက်ရှင်လျက်၃၃ဦးကယ်ထုတ်နိုင်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် ရမည်းသင်းမြို့ မြို့မရပ်ကွက် ပန်းတိမ်ရပ်ရှိ စံကျူရီစားသောက်ဆိုင်နှင့် နှစ်ထပ်အဆောက်အအုံ ပြိုကျပျက်စီး၍ ပိတ်မိနေသူများအား မတ် ၃၀ ရက်တွင် ရမည်းသင်းခရိုင်/မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လေးဦးကို အသက်ရှင်လျက်ကယ်ထုတ်နိုင်ခဲ့သည်။

ထို့အတူ ငလျင်လှုပ်ခတ်မှုကြောင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် သစ္စာ(၂) လမ်းရှိ ပြိုကျပျက်စီးခဲ့သော အဆောက်အအုံအောက်တွင် ပိတ်မိလျက်ရှိသည့် အသက်ရှင်လျက်ရှိနေသူ တစ်ဦးအား ကယ်ထုတ်နိုင်ရေး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များသည် (SCDF) စင်ကာပူနိုင်ငံမှ တပ်ဖွဲ့ဝင်များနှင့်အတူ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ငလျင်လှုပ်ခတ်ခဲ့ပြီး ၄၄ နာရီအကြာတွင် အမျိုးသား တစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်လှုပ်ခတ်မှုကြောင့် Sky Villa အဆောက်အအုံ ပြိုကျပျက်စီးသည့်နေရာတွင် မတ် ၃၀ ရက်က မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၅၀ တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**နေပြည်တော် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆက်လက်ဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှာဖွေကယ်ဆယ်ရေး၊ ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် နေရာများတွင် ဦးစားပေးအဆင့်အလိုက် ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်က ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန်ကို တိကျစွာသိရှိ၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံး ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးဝါးကုသမှု၊ အခြားလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုထိရောက်စွာ အမြန်ဆုံးဆောင်ရွက်ရေး၊ နိုင်ငံတကာမှ လာရောက်ကူညီဆောင်ရွက်နေသည့် ကယ်ဆယ်ရေးအဖွဲ့များအား လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းပံ့ပိုးကူညီရေးတို့နှင့်ပတ်သက်၍ ဖြည့်စွက်ပြောကြားသည်။ (ဝဲပုံ)

**ဂုဏ်ပြုငွေများပေးအပ်**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဂရိတ်ဝေါဟိုတယ်၊ ဦးလှသိန်း ဓမ္မဗိမာန်၊ ဇီဝိတဒါနသံဃဆေးရုံ(မန္တလေး)၊ Nadi Myanmar Hotel Mandalay၊ မန္တလေးတက္ကသိုလ်၊ အမြန်လမ်း ၃၈၅ မိုင် ၅ ဖာလုံ နေရာများသို့သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့များကို ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်သို့ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးဒဏ်ခံစားနေရသော ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်နိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာဧည့်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက အလှူငွေထည့်ဝင်လှူဒါန်းသည့် သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒအား သွားရောက်ဖူးမြော်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်သည်။ အဆိုပါ အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်နိုင်ရေးအတွက် အလှူငွေ ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိပြီး မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံတွင် အလွန်အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေးဆေးကုသမှုအဖွဲ့မှ အဖွဲ့ဝင် ၃၇ ဦးပါအဖွဲ့သည် မတ် ၂၉ ရက် နံနက် ၆ နာရီခန့်တွင် ကူမင်း Changshui အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အသက်ကယ်ကိရိယာ Life detector များ၊ ငလျင်ကြိုတင်သတိပေးစနစ်Earthquake early warning system များ၊ ခရီးဆောင်ဂြိုဟ်တု portable satellite များနှင့် ဒရုန်းများ အပါအဝင် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ စုစုပေါင်း ၁၁၂ စုံ သယ်ဆောင်ပြီး မြန်မာနိုင်ငံသို့ ထွက်ခွာလာခဲ့သည်။



အဆိုပါ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကယ်ဆယ်ရေး ဆေးကုသမှုအဖွဲ့သည် နေပြည်တော်တွင် မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဥတ္တရသီရိ အထွေထွေရောဂါကုဆေးရုံကြီးအတွင်းပိတ်မိနေသူ သက်ကြီးအမျိုးသမီးတစ်ဦးကို ယနေ့နံနက် ၄ နာရီခန့် (ငလျင်လှုပ်ခတ်ပြီး ၃၆ နာရီကျော်)၌ မြန်မာနိုင်ငံမှ ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ပူးပေါင်း၍ အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း(ဝဲပုံ) နှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုပြတ်တောက်နေသည့် အခြေအနေနှင့် ပတ်သက်၍ အများပြည်သူသို့ အသိပေး သတင်းထုတ်ပြန်ခြင်း

**၂၀၂၅ ခုနှစ်၊ မတ်လ ၃၀ ရက်**

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော မြေငလျင်နှင့် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်ခတ်မှုကြောင့် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၊ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးချွတ်ယွင်းမှုများ ဖြစ်ပေါ်ခဲ့၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ အဆိုပါ ပျက်စီးချွတ်ယွင်းမှု ဖြစ်ပေါ်ခဲ့မှုများအနက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံ ပျက်စီးခဲ့မှုများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၄ ဦးဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၄၂၆ ဦး စုစုပေါင်း ဝန်ထမ်းအင်အား ၅၆၀ တို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး နယ်မြေအတွင်း ပျက်စီးမှုများအား အမြန်ဆုံးပြင်ဆင်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၄၅ ဦးတို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး အင်အားစုဖွဲ့၍ ပြန်လည်ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့ လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပြည်ထောင်စုဝန်ကြီးဦးစီး၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဒုတိယဝန်ကြီးဦးစီး၍လည်းကောင်း ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိနေသည့်အပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအရေးပေါ်အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

**နေပြည်တော် မတ် ၃၀**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ မတ် ၃၀ ရက် (တနင်္ဂနွေနေ့) တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအရေးပေါ်အစည်းအဝေးကို မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်ခဲ့သည်။




ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအရေးပေါ်အစည်းအဝေး ပါဝင်တက်ရောက်စဉ်။

အဆိုပါ အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ပြင်းထန်သော ငလျင်ဖြစ်ပွားပြီးနောက်၌ ငလျင်ဘေးသင့်ရာဒေသများတွင် လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါ အစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သဘာဝအန္တရာယ်သက်ရောက်မှုများမှ ကူညီကယ်ဆယ်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင်ဖြစ်ပွားခဲ့သည့် မတ် ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာခဲ့ပြီးသည်နှင့်တစ်ပြိုင်နက် ငလျင်ကြောင့် ထိခိုက်ခံစားရသူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြင်းအားမြင့်ငလျင်နှင့် ဆက်စပ်သည့် ငလျင်ငယ် ၁၇ ကြိမ်ကျော်ကိုလည်း ကြုံတွေ့လျက်ရှိသည့်အတွက် လတ်တလောတွင် ပျောက်ဆုံးနေသူများ ရှာဖွေကယ်ဆယ်ရေးနှင့် ယာယီနေထိုင်နိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အဓိကအကူအညီလိုအပ်ကြောင်း၊ ပြိုကျပျက်စီးမှုမရှိသည့် အဆောက်အအုံများကို အန္တရာယ်ကင်းစွာ သုံးစွဲနိုင်မှုကို ဆန်းစစ်ခြင်း၊ ပြင်ဆင်ဆောက်လုပ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်၍ ဝိုင်းဝန်းပူးပေါင်းကူညီပေးရန် မေတ္တာရပ်ခံခဲ့သည်။

အာဆီယံနိုင်ငံများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ကြုံတွေ့ခဲ့ရသည့် ငလျင်ဘေးသင့်ပြည်သူများအပေါ် များစွာစာနာ၊ စိတ်မကောင်း ဖြစ်ရကြောင်းနှင့် အရေးပေါ် အခြေအနေကြုံတွေ့နေရသည့်အချိန်တွင် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်မှုမြှင့်တင်ကြရန်နှင့် လူသားချင်းစာနာမှုအကူအညီများ၊ ပံ့ပိုးမှုများနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဝန်ကြီးဌာနအောက်ရှိ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အင်အား အလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ်ရှိ မြောက်လွတ်ကုန်း သင်တန်းသားအိပ်ဆောင်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ယာယီပြောင်းရွှေ့ နေထိုင်သည့် နေရာများတွင် သောက်သုံးရေ၊ မီးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအနေဖြင့်လည်း စနစ်တကျ စည်းကမ်းရှိစွာ နေထိုင်ကြရန် မှာကြားပြီးနောက် ဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငွေကျပ် တစ်သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့ မဟာစည်သာသနာ့ရိပ်သာသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ယာယီပြောင်းရွှေ့ နေထိုင်လျက်ရှိသည့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများအနေဖြင့် ရေ၊ မီး၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ လစ်ဟင်းမှုမရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရန် မှာကြားပြီးနောက် ဝန်ထမ်းများ စားသောက်ရေး အဆင်ပြေစေရေးအတွက် ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဝန်ထမ်းတစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ သား၊ ငွေကျပ် တစ်သိန်းတို့အား ထောက်ပံ့ပေးအပ်သည်။



ထို့နောက် တစ်နာရီလျှင် သောက်သုံးရေသန့် ဂါလန် ၈၀၀ ဖြန့်ဝေပေးနိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွေ့လျားရေသန့်စင်ကားဖြင့် ကံ့ကော်အိမ်ရာတွင် နေထိုင်သည့် ငလျင်ဒဏ်သင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများအား သောက်သုံးရေသန့် ဖြန့်ဝေနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက နေ့စဉ်ရေလိုအပ်မှုရှိသည့် နေရာများအား ဖြန့်ဝေပေးသွားရန်နှင့် ကျန်ရှိသည့် ဝန်ထမ်းအိမ်ရာများကိုလည်း ဖြန့်ဝေပေးသွားရန် မှာကြားပြီးနောက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ငလျင်လှုပ်ခတ်ပါက လဲကျသွားနိုင်သည့် အန္တရာယ်မှ ကာကွယ်ရန် ထိုင်ချပါ။**
**ဦးခေါင်းကို ဦးစားပေး အကာအကွယ်ယူပါ။ အခိုင်အမာဆုံးနေရာကို မြဲမြံစွာ ကိုင်ထားပါ။**

## ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ် မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်းအခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထား

**ရန်ကုန် မတ် ၃၀**

မတ် ၂၈ ရက် တပေါင်းလကွယ်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့် ငလျင်ဘေးဒဏ် ကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ် မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထားကြောင်း MPT မှ သိရသည်။

အဆိုပါ အခမဲ့ဝန်ဆောင်မှုကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ တစ်ပတ်တာ အခမဲ့ဝန်ဆောင်မှုပေးထားပြီး ငလျင်ဒဏ်ကြောင့် တယ်လီဖုန်းခေါ်ဆိုမှု အခက်အခဲများကိုလည်း အမြန်ဆုံး ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး**



# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာ သုံးသပ်ဆွေးနွေးပွဲမှ အပြန်

ဒေါက်တာခိုင်ခိုင်ဝင်း

ယခုနှစ်များအတွင်း ကမ္ဘာ့နိုင်ငံရေးက အခြေအနေအမျိုးမျိုးဖြင့် ပြောင်းလဲမှုများ ဖြစ်ပေါ်လာပြီး ပြောင်းလဲဖြစ်ပေါ်လာသည့် အခြေအနေများကို အခြေခံကာ ဗဟုကမ္ဘာ (Multipolarity)ဆိုသည့်အသုံးအနှုန်းကို ပြောဆိုလာနေကြပြီဖြစ်ပါသည်။ ကမ္ဘာကြီးကလည်း အဆိုပါ အသုံးအနှုန်းကို အသိအမှတ်ပြုလက်ခံလာနေပြီး ဗဟုဝင်ရိုးကမ္ဘာကြီး ပေါ်ထွန်းလာရေး ဦးတည်ရွေ့လျားနေသည်လည်းဖြစ်ပါသည်။ ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) သည် ဒွိဝင်ရိုးကမ္ဘာ (Bipolar World) ၏ အဆက်မဟုတ်ဘဲ အသစ်ထွက်ပေါ်လာသည့်အရာဖြစ်ပြီး အင်အားကြီးနိုင်ငံ နှစ်ခုထက်ပိုသည့်နိုင်ငံများ အင်အားပေါင်းစုထားကာ နိုင်ငံအချင်းချင်း ပေါင်းစပ်ဆက်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအတွက် ပုံမှန်သွားနေကျပုံစံ (Model) မှ ခွဲထွက်ပြီး အခွင့်အလမ်းအသစ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်ဆောင်ရွက်သွားနိုင်ရန် ချိန်ခွင်လျှာချိန်ညှိထိန်းကျောင်းသည့် ပုံစံနစ်သစ်ဟု လေ့လာမှုအရ သိရှိရပါသည်။ ဗဟုဝင်ရိုးကမ္ဘာ (Multipolar World) သည် အယူဝါဒဆိုင်ရာပြိုင်ဆိုင်မှုမဟုတ်ဘဲ ဧကဝင်ရိုးကမ္ဘာ(Unipolar World) နှင့်လည်း ကွဲပြားကာ ဒွိဝင်ရိုးကမ္ဘာ (Bipolar World)ထက်လည်း ပိုသောကြောင့် ထူးခြားသည့်သွင်ပြင်လက္ခဏာရှိသည်လည်း ဖြစ်ပါသည်။




မတ် ၂၁ ရက်က နေပြည်တော် MICC–1 ၌ ကျင်းပသည့် "၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ" တွင် "ပြောင်းလဲနေသော ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနှင့် အာရှ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များက ထည့်သွင်းဆွေးနွေးစဉ်။

### ဧကကမ္ဘာဖြစ်လာခြင်း

ကမ္ဘာတွင် နှစ်ပေါင်းများစွာ ကျင်လည်အသုံးပြုခဲ့သည့် ဧကဝင်ရိုးကမ္ဘာဆိုသည်မှာ အင်အားကြီးနိုင်ငံတစ်နိုင်ငံတည်းက အင်အားနည်းသည့် နိုင်ငံများ၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများအပေါ် လွှမ်းမိုးကြီးစိုးခြင်းဖြစ်ပါသည်။ ၁၉၉၀ ပြည့်နှစ်များအတွင်း ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် တစ်ခုတည်းသော အင်အားကြီးနိုင်ငံဖြစ်လာသည့် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာကြီးအပေါ် လွှမ်းမိုးချုပ်ကိုင်ထားခြင်း၊ ဧကကမ္ဘာဖြစ်လာခြင်းကို ဆိုလိုရင်းဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့် Shanghai Cooperation Organization (SCO) အစည်းအဝေးတွင် ရုရှားနိုင်ငံသမ္မတ Mr. Vladimir Putin က ဗဟုဝင်ရိုးကမ္ဘာသည် အမှန်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊ Shanghai Cooperation Organization (SCO)နှင့် BRICS အဖွဲ့များကိုကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ကိုတွေ့ရှိရပါသည်။

ဆိုလိုသည်မှာ အင်အားကြီးနိုင်ငံများ ပေါင်းစုဖွဲ့စည်းကာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍမှ ပါဝင်နိုင်ရေး ရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့် ၁၀ နိုင်ငံပါ BRICS အဖွဲ့ကြီးသည် ဗဟုဝင်ရိုးကမ္ဘာအတွက် ထင်ရှားသည့်သာဓကတစ်ခုဖြစ်ပါသည်။ BRICS အဖွဲ့တွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ရုရှားနိုင်ငံ အပါအဝင် နိုင်ငံ ၁၀ နိုင်ငံ ပေါင်းစုထားပြီး ကမ္ဘာ့စီးပွားရေးတိုးတက်ရေးအတွက် ပေါင်းစုရပ်တည် ပါဝင်ဆောင်ရွက်နေသည့် အင်အားကြီးအဖွဲ့ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသမ္မတ Mr. Donald Trump က multipolar ကို အင်အားကြီးမှုပြိုင်ဆိုင်ခြင်း (Great Power Competition) ဟု ပြောခဲ့ပြီး တရုတ်နိုင်ငံက multipolar ကို နိုင်ငံများ၏ အရွယ်အစားနှင့် မဆိုင်၊ နိုင်ငံအားလုံးအတွက် တန်းတူညီမျှခြင်းဖြစ်သည်ဟု သတ်မှတ်ထားသည်ကို လေ့လာသိရှိရပါသည်။

### အင်အားကြီးနိုင်ငံများ ပေါ်ထွက်လာနေ

ဆိုလိုသည်မှာ ယနေ့အချိန်အထိ ဗဟုကမ္ဘာ၏ အဓိပ္ပာယ်အတွက် တိကျသည့် ဖွင့်ဆိုချက်သတ်မှတ်ထားခြင်းမရှိဘဲ နိုင်ငံအလိုက် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်များ သတ်မှတ်ကြသည်ကို တွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့အချိန်တွင် တစ်နိုင်ငံတည်းက လွှမ်းမိုးချုပ်ကိုင်သည့် unipolarity မှသည် multipolarityသို့ ပြောင်းလဲလာနေသည်ကတော့ ငြင်းပယ်၍ မရနိုင်တော့ပြီလည်း ဖြစ်ပါသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mr. Marco Rubio က multipolarity နှင့် စပ်လျဉ်း၍ ပြောကြားရာ၌ ယနေ့ကမ္ဘာကြီးတွင် အမေရိကန်နိုင်ငံအား နည်းပညာအရ၊ စီးပွားရေးအရ၊ ပထဝီနိုင်ငံရေးအရ ပြိုင်ဆိုင်နိုင်ပြီဖြစ်သည့် အင်အားကြီးနိုင်ငံများ ပေါ်ထွက်လာနေပြီဟုဆိုခဲ့ပါသည်။

### အကျိုးရလဒ်များစွာရရှိ

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံရေးချိန်ခွင်လျှာအပြောင်းအလဲဟု သတ်မှတ်ရမည့် ဗဟုဝင်ရိုးကမ္ဘာတွင် ကြိုတင်ပြင်ဆင်မှုအဖြစ် **"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲ"** ကို ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(MICC –1) တွင် ကျင်းပခဲ့ပြီး ပြည်ပနိုင်ငံများမှ ပညာရှင်များ အပါအဝင် ပြည်တွင်းရှိနယ်ပယ်အစုံမှ ပုဂ္ဂိုလ်များ (stakeholders) ဦးရေ ၂၀၀ ကျော် တက်ရောက်ခဲ့ပါသည်။ ကျွန်မအနေဖြင့် အဆိုပါ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခွင့်ရခဲ့ပြီး နိုင်ငံတကာမှ ပညာရှင်များနှင့် မြန်မာနိုင်ငံမှ တတ်သိပညာရှင်များ၏ သုံးသပ်ဆွေးနွေးမှုများကို လေ့လာသိရှိခွင့်ရခဲ့ပါသည်။ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် တည်ရှိနေသည်ဖြစ်ရာ ၂၀၂၅အလွန် ဗဟုဝင်ရိုးကမ္ဘာ ကာလကြီးတွင် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသည် သေချာပေါက် ကြုံတွေ့လာရမည် ဖြစ်ပါသည်။ အဆိုပါ သုံးသပ်ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအတွက် အကျိုးရလဒ်များစွာရရှိခဲ့ပြီး နိုင်ငံအနေဖြင့် ကမ္ဘာကြီး၏ အရွေ့သစ် အခြေအနေတစ်ခုဖြစ်သည့် Multipolar World အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းများကိုလည်း သိရှိဆောင်ရွက်လာနိုင်မည်ဟု သုံးသပ်မိပါသည်။

### မဟာဗျူဟာချမှတ်ရေးဆွဲရန် အရေးကြီး

ကမ္ဘာကြီး၏ အရွေ့သစ်အခြေအနေတစ်ခုဖြစ်သည့် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံအနေဖြင့် လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် တည်ငြိမ်အေးချမ်းသည့်နိုင်ငံဖြစ်ရန် အရေးကြီးသည်ဖြစ်ရာ ငြိမ်းချမ်းသောနိုင်ငံဖြစ်လာရေး နိုင်ငံသူနိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံငြိမ်းချမ်းသာယာမှုရှိပါမှ နိုင်ငံ၏ စီးပွားရေးသည်လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။ အင်အားကြီး နိုင်ငံနှစ်နိုင်ငံကြားတွင် တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် ချိန်ခွင်လျှာညှိ အလိုက်သင့် မည်သို့ဆက်လက်ဆောင်ရွက်သွားကြမည်ဆိုသည်ကို မဟာဗျူဟာချမှတ်ရေးဆွဲရန် အရေးကြီးသည်ဟု သုံးသပ်မိသည်ဖြစ်ရာ အဆိုပါ မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရေးအတွက် နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ပညာရှင်များ အစရှိသည့် နယ်ပယ်အစုံမှ ပုဂ္ဂိုလ်များ ပါဝင်သည့်ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားရန် လိုအပ်သည်ဟု သုံးသပ်ရှုမြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

- ❑ **၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သည့်** Shanghai Cooperation Organization (SCO) **အစည်းအဝေးတွင် ရုရှားနိုင်ငံသမ္မတ** Mr. Vladimir Putin **က ဗဟုဝင်ရိုးကမ္ဘာသည် အမှန်ဖြစ်လာခဲ့ပြီဖြစ်ကြောင်း၊** Shanghai Cooperation Organization (SCO)**နှင့်** BRICS **အဖွဲ့များကိုကြည့်လျှင် သိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့**
- ❑ **ကမ္ဘာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍမှ ပါဝင်နိုင်ရေး ရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့် ၁၀ နိုင်ငံပါ** BRICS **အဖွဲ့ကြီးသည် ဗဟုဝင်ရိုးကမ္ဘာအတွက် ထင်ရှားသည့်သာဓကတစ်ခုဖြစ်**
- ❑ **ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြားတွင် တည်ရှိနေသည်ဖြစ်ရာ ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာကာလကြီးတွင် မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသည် သေချာပေါက် ကြုံတွေ့လာရမည်ဖြစ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသည့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ပြိုကျပျက်စီးသည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးသည်။**


ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း ခရေအိမ်ရာမှဝန်ထမ်းများကိုတွေ့ဆုံအားပေးစကားပြောကြားစဉ်။

ရှေးဦးစွာ ခရေအိမ်ရာ တိုက်အမှတ် ၁၃၂၊ ၁၃၃၊ ၁၃၄ ၌ ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးသည်။

ထို့နောက် ဇေ ၁၀၀၀ တိုက်အမှတ် ၁၃၂၂၊ ၁၃၂၇ ၌ ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို တွေ့ဆုံအားပေးသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကြုံတွေ့ခဲ့ရသည့် ပြင်းထန်သောငလျင်မှာ မိမိတို့နိုင်ငံတွင် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း ပထမအကြိမ်ဖြစ်ကြောင်း၊ ငလျင်ဒဏ်ကြောင့် ရုံးများ၊ အိမ်ရာများ၊ လမ်းတံတားများ ပျက်စီးမှုများပြားခဲ့ကြောင်း။


ငလျင်ဒဏ်ကြောင့် ဇေ ၁၀၀၀ တိုက်အမှတ် ၁၃၂၇ ဝန်ထမ်းအိမ်ရာ ပြိုကျပျက်စီးမှုကို တွေ့ရစဉ်။

နိုင်ငံတော်က ရွက်ဖျင်တဲများ၊ ယာယီအိမ်သာများ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့ပိုင်ပစ္စည်းများအနီး အရိပ်အာဝါသကောင်းသောနေရာတွင် နေရာယူထားကြခြင်းဖြစ်သော်လည်း ယခုရက်အတွင်း အားကစားကွင်းကဲ့သို့ ကျယ်ပြန့်သောနေရာတွင် ယာယီတဲများဆောက်လုပ်နေရာချထားပေးမည်ဖြစ်ကာ ဆေးဝါး၊ ရိက္ခာများလည်း ဖြည့်ဆည်းပေးထားမည်ဟု သိရှိရကြောင်း၊ သဘာဝဘေးသည် တားဆီး၍ မရနိုင်သဖြင့် ကြောက်ရွံ့နေစရာ မလိုဘဲ အားတင်းရင်ဆိုင်ရမည် ဖြစ်ကြောင်း၊ မိမိတို့ထက်အခြေအနေဆိုးရွားသော နေရာများတွင် ကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိ ဝန်ထမ်းအိမ်ရာအများစုမှာ ဆက်နေရန် အခက်အခဲများ ရှိနေသည်ကို တွေ့မြင်ရကြောင်း ပြောကြားပြီး ဝန်ထမ်းများ တင်ပြသည့် သုံးရေ၊ ယာယီအိမ်သာ၊ တယ်လီဖုန်း အားသွင်းရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တိုက်ပြိုကျမှုပြင်းထန်ပြီး သေဆုံး၊ ဒဏ်ရာရရှိမှုများရှိခဲ့သည့် တိုက်အမှတ် ၁၃၀၇ ကို သွားရောက်ကြည့်ရှုပြီး ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အင်အားပြင်းငလျင်ဒဏ်ခံခဲ့ရသည့် ဝန်ကြီးဌာနမှဝန်ထမ်းအိမ်ရာများအား လှည့်လည်ကြည့်ရှု၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများအား ထောက်ပံ့ပေးအပ်

နေပြည်တော် မတ် ၃၀

**လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များအား မတ် ၂၉ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးစင်ဝင်အောက်၌ မတ် ၂၈ ရက် မွန်းလွဲပိုင်းက ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုနှင့် ပတ်သက်၍ ဝန်ထမ်းများအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးသည်။**



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့သည့်အတွက် နိုင်ငံတစ်ဝန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့မှုအခြေအနေ၊ ဝန်ကြီးဌာနအနေဖြင့်လည်း ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှု၊ ထိခိုက်ဒဏ်ရာရရှိသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား စနစ်တကျ ကူညီကုသဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာများရှိ ဝန်ထမ်းများအတွက် ထိထိရောက်ရောက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေ၊ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီမှုနှင့် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာနများ၏ ရုံးခန်းများရှိ လျှပ်စစ်မီးလိုင်းများနှင့် ဆာဗာခန်းများ အမြန်ဆုံး ပြန်လည်စစ်ဆေး ပြုပြင်ဆောင်ရွက်နိုင်ရေးအခြေအနေ၊ မိမိတို့နိုင်ငံအတွက် ပြည်ပမှ ကူညီကယ်ဆယ်ရေးဆိုင်ရာ လေယာဉ်များ ဆိုက်ရောက်/ထွက်ခွာမှုနှင့် ပတ်သက်၍ လုပ်ငန်းမှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပေးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က အမြဲမပြတ် သွားရောက်ကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများအတွက် နေရာချထားရေးနှင့် စားသောက်ဖွယ်ရာများ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး စီစဉ်ထားရှိမှုနှင့် ရုံးခန်းများနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးဆုံးရှုံးမှု၊ ဒဏ်ရာရဝန်ထမ်းများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ကံ့ကော်အိမ်ရာနှင့် ပိတောက်အိမ်ရာတို့သို့လည်းကောင်း၊ ခရေအိမ်ရာနှင့် သရဖီ(ဘူးကွဲ) အိမ်ရာတို့သို့လည်းကောင်း သွားရောက်၍ ဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ ပျက်စီးဆုံးရှုံးမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ကြီးဌာနမှ ပံ့ပိုးကူညီသည့် စားသောက်ဖွယ်ရာများ၊ သောက်ရေသန့်ဘူးများကို အသီးသီးဝေငှပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ လုပ်ငန်းမှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းကျောင်းအဆောက်အအုံများအခြေအနေ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများပြားသည့် ဝန်ထမ်းအိမ်ရာတချို့မှ ဝန်ထမ်းများအား ယာယီနေရာချထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားကာ အဆိုပါဝန်ထမ်းအိမ်ရာများမှ ရောက်ရှိလာသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်၌ မြေငလျင်လှုပ်ခတ်မှုကြောင့်ပျက်စီးမှုများကြည့်ရှု

**နေပြည်တော် မတ် ၃၀**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်က မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တုံ့ပြန်နိုင်ရေးနှင့် ကူညီရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် မြို့နယ်အဆင့်တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရုံးခန်း၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး ငလျင်ဘေးကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များက အလှူငွေနှင့်ဆန်၊ ဆီများ လှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် မြို့နယ်ဗုဒ္ဓသာသနာပြုဗိမာန်အမိုး၊ မျက်နှာကြက်များ၊ မိုဃ်းကောင်းဆုတောင်းပြည့်ဘုရားဝင်းရှိ တံခွန်တိုင်၊ ဂုဏ်ရုပ်ရှင်ရုံနှင့် လူနေအိမ်များ ပြိုကျပျက်စီးမှုများအား ကြည့်ရှုခဲ့ပြီးနောက် မြေငလျင်လှုပ်ခတ်မှုကြောင့် တပ်ကုန်းခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများနှင့် ဆေးရုံစောင့်များအား ထမင်းဘူးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြင်းထန်လျှင်ဘေးသင့်ဝန်ထမ်းများအား တွေ့ဆုံအားပေး

**နေပြည်တော် မတ် ၃၀**

မတ် ၂၈ ရက်တွင် နေပြည်တော်၌ ဖြစ်ပေါ်ခဲ့သည့် ပြင်းထန်လျှင်ဘေးသင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းများအား ယာယီခိုလှုံစခန်းများတွင် နေရာချထားပေးနိုင်ရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မတ် ၃၀ ရက်တွင် ကုံကော်အိမ်ရာ၌ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများ ယာယီနေထိုင်ရေးနှင့် ရေ၊ မီးသုံးစွဲနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြင်းထန်လျှင်ဘေးသင့် ဝန်ထမ်းများကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းတို့အတွင်း ယာယီကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းများသို့ ကွင်းဆင်းစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်းထန်လျှင်ဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း ရာပြည့်ရှေးဟောင်းအဆောက်အအုံနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျ ရှင်းလင်းဖယ်ရှားနိုင်ရေးနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်သည့် အဆောက်အအုံများကို ကျွမ်းကျင်သူများအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဆင်သေရေလွှဲဆည်သို့ သွားရောက်၍ ပြင်းထန်လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေလွှဲဆည် ပြန်လည်ပြုပြင်ရမည့် လုပ်ငန်းအဆင့်ဆင့်နှင့် မူလရေသောက်ဧရိယာ ၁၁၆၅၉ ဧက အတွင်းရှိ သီးနှံများစိုက်ပျိုးရေရရှိရေး အစီအမံများကို တာဝန်ရှိသူများနှင့် အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ပြင်းထန်လျှင်ဒဏ်ခံခဲ့ရသည့် ပေါင်းလောင်းရေလှောင်တမံ၏ အတွင်းပိုင်း ကြွံခိုင်မှုများကို ဘူမိရူပတိုင်းတာသည့်စက်များဖြင့် တိုင်းတာစစ်ဆေးနေမှုကိုလည်းကောင်း၊ တမံထိပ်ပြင်ပေါ်ရှိ အက်ကွဲကြောင်းများကို မျက်မြင်တူးဖော်စစ်ဆေးနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆက်လက်စောင့်ကြည့်စစ်ဆေးရမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် ရေလှောင်တမံ၏ ကြွံခိုင်မှုအခြေအနေမှာ စိုးရိမ်စရာမရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း




၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းလျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့်လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။










၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ်(0111284000000063)ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့ လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့်အလှူပစ္စည်းများလှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅)လမ်း၊ ၃၄x၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**





နေပြည်တော် ဥတ္တရသီရိဆေးရုံ၌ တရုတ်နိုင်ငံ ကယ်ဆယ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ လူနာများအား ကူညီကယ်ထုတ်နေမှုကို တွေ့ရစဉ်။

❑ *ကျောဖုံးမှ*

ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်ပနိုင်ငံများမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်နှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်သင့်မြို့နယ်များသို့သွားရောက်၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် ငလျင်ဘေးဒဏ်သင့်ခဲ့မှုကြောင့် ဆုံးရှုံးပျက်စီးမှုများပြားခဲ့ရသည့် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိပုဂ္ဂလိက အထူးကုဆေးရုံတို့၌ ကွင်းဆင်းကာ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အသက်သေဆုံးခဲ့ကြရသည့် ပြည်သူအချို့၏ ရုပ်အလောင်းများကို သက်ဆိုင်ရာမြို့နယ်အလိုက်ဆေးရုံများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်စေရေး ကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ဥတ္တရသီရိပုဂ္ဂလိက အထူးကုဆေးရုံတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် စပ်လျဉ်း၍ ဥတ္တရသီရိပုဂ္ဂလိက အထူးကုဆေးရုံ အုပ်ကြီးက "ငလျင်စလှုပ်တဲ့နေ့မှာပဲ ဆေးရုံမှာ တက်ရောက်ကုသမှုခံယူနေတဲ့ လူနာတွေနဲ့ ပြင်ပလူနာတွေကို ဆရာဝန်တွေ၊ သူနာပြုတွေက အစိုးရဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။ ဆေးရုံဝန်ထမ်းတွေကိုလည်း ကယ်လို့ရသမျှ အချိန်မီကယ်ထုတ်ခဲ့ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ရောက်ရှိလာပြီး လူနာတွေ၊ ထိခိုက်ဒဏ်ရာရရှိတဲ့သူတွေနဲ့ ဆေးရုံမှာရှိတဲ့ အရေးကြီးတဲ့ အရေးကြီးပစ္စည်းတွေကို အချိန်နဲ့တစ်ပြေးညီ ကျွန်တော်ဦးစီးတဲ့ အင်အား၂၀ နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဓိကကတော့ အဆောက်အအုံကြားတွေမှာ အသက်ရှင်လျက်ပိတ်မိနေတဲ့သူတွေကို ဦးစားပေးကယ်ထုတ်ပါတယ်။ ဒီနေ့မှာ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ရှာဖွေကယ်ဆယ်ပြီး သယ်ယူပို့ဆောင်ပေးခဲ့တယ်။ ဒီနေ့မနက်မှာတော့ တရုတ်နိုင်ငံက ကယ်ဆယ်ရေးအဖွဲ့ဝင်တွေနဲ့ ပြည်တွင်းက ကယ်ဆယ်ရေးအဖွဲ့တွေ ပူးပေါင်းပြီး ဆေးရုံအဆောက်အအုံအတွင်းမှာ ပိတ်မိနေသူအချို့ကို အသက်ဆုံးရှုံးမှုမရှိအောင် အချိန်မီကယ်နိုင်ခဲ့ပါတယ်။ ဒါ့ပြင် သေဆုံးခဲ့ကြသူတွေရဲ့ ရုပ်အလောင်းတွေကို ရှာဖွေဖော်ထုတ်ပြီး သက်ဆိုင်ရာမြို့နယ်မှာရှိတဲ့ ဆေးရုံတွေကို ပို့ဆောင်ပေးပါတယ်။ ဆေးရုံအတွင်း ပိတ်မိနေတဲ့သူတွေကိုလည်း အမြန်ဆုံး ဆက်လက်ရှာဖွေကယ်ဆယ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။



တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးပစ္စည်းများသယ်ဆောင်လာမှုကို တွေ့ရစဉ်။

ဥတ္တရသီရိခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးသက်နောင်က " မတ် ၂၈ ရက် ငလျင်စလှုပ်တဲ့နေ့ကတည်းကတွေ၊ ရန်ကုန်က အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၈ ရက်ကနေ ဒီနေ့အထိ ဥတ္တရသီရိပုဂ္ဂလိက အထူးကုဆေးရုံကြီးကနေ အသက်ရှင်လျက် အယောက် ၂၀ ကို ကယ်ထုတ်နိုင်ခဲ့ပြီး သေဆုံးသူရုပ်အလောင်းခုနစ်လောင်းကိုလည်း ရှာဖွေပြီး သက်ဆိုင်ရာဆေးရုံတွေကို လွှဲပြောင်းပေးခဲ့ပါတယ်။ အသက်ရှင်လျက် ကယ်နိုင်ခဲ့တဲ့သူတွေထဲမှာ ဆေးရုံဝန်ထမ်းတွေ၊ လူနာတွေပါဝင်ပါတယ်။ ဆေးရုံအတွင်းမှာ သေဆုံးနေတဲ့ ရုပ်အလောင်းတွေ ရှိနေသေးတဲ့အတွက် နေရာသုံးနေရာကို အဖွဲ့သုံးဖွဲ့ခွဲပြီး ဆက်လက်ရှာဖွေလျက်ရှိပါတယ်" ဟု ပြောသည်။

ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းအိမ်ရာများဖြစ်သည့် တိုက်အမှတ် ၂၃၈၆ နှင့် ၂၃၈၇ တို့တွင် ငလျင်ဘေးဒဏ်ကြောင့် အိမ်ရာအဆောက်အအုံ ပြိုကျပျက်စီးခဲ့ရာ အဆိုပါအဆောက်အအုံတွင် ပိတ်မိနေပြီး အသက်ရှင်နေသေးသည်ဟု ယူဆရသူများကို ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပြည်တွင်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ကြသည်။

နေပြည်တော်အတွင်း ငလျင်ဘေးဒဏ်ခံခဲ့ကြရသည့် ပြည်သူများနှင့် ဝန်ထမ်းများကို စေတနာရှင်ပြည်သူများ၊ အသင်းအဖွဲ့များက စားသောက်ကုန်များ၊ ရေသန့်ဘူးများ၊ အရေးပေါ်သုံးစွဲနိုင်ရန် ထောက်ပံ့ငွေများ၊ အဝတ်အထည်များ၊ ဆေးဝါးများလှူဒါန်းကြသည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ယာယီမိုးကာတဲများ၊ ရွေ့လျားရေသန့် မော်တော်ယာဉ်များ၊ အုပ်ချုပ်မှုနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြေရှင်းနိုင်ရေး ယာယီရေကန်များ၊ ငလျင်ဒဏ်ခံစားခဲ့ကြသည့် ပြည်သူနှင့် ဝန်ထမ်းများသက်သာချောင်ချိစွာ စားသောက်နိုင်ရေး ရွေ့လျားကုန်စိမ်း၊ ကုန်ခြောက် အရောင်းမော်တော်ယာဉ်များဖြင့် ဆောင်ရွက်ပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များသည်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသယ်ဆောင်လျက် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပြီး ပြည်တွင်းရှိ ရှာဖွေကယ်ဆယ်ရေး အဖွဲ့များနှင့်ပူးပေါင်းကာ အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့် ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့နှင့် တရုတ်နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များ ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာအတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က မြန်မာနိုင်ငံအား ပံ့ပိုးကူညီ

## အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ငလျင်လှုပ်မှုဖြစ်ပွားခြင်းနှင့်ပတ်သက်ပြီး ဝမ်းနည်းကြောင်း ဖော်ပြ

**ဗီယင်ကျန်း မတ် ၃၀**

ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၌ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများက အကူအညီပေးရန်အတွက် စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင် ၇၉ ဦးကို စေလွှတ်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက မတ် ၂၉ ရက်က ထုတ်ပြန်ထားသည်။

**ဗီယက်နမ်**

ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကယ်ဆယ်ရေးဌာနက ဖွဲ့စည်းထားသည့် အဆိုပါအဖွဲ့သည် မတ် ၃၀ ရက် မွန်းလွဲပိုင်းက မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဘင်္ဂလားဒေ့ရှ်**

အလားတူ ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ ကယ်ဆယ်ရေးအဖွဲ့သည် ငလျင်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီရန် မတ် ၃၀ ရက်တွင် အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့သည် မြန်မာနိုင်ငံအတွက် အရေးပေါ်ဆေးဝါးများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဆေးဘက်ဆိုင်ရာ အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မြန်မာအစိုးရနှင့် ပြည်သူများအတွက် အီရတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုကို ပြောကြားပြီး ဘေးအန္တရာယ်၏ အကျိုးသက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ကြောင်း အလေးပေးပြောကြားသည်။



ထို့ပြင် ငလျင်ကြောင့် သေဆုံးသူမိသားစုများအတွက် ဝမ်းနည်းမိကြောင်းနှင့် ဒဏ်ရာရရှိသူများအတွက် အမြန်ပြန်လည်ကောင်းမွန်လာစေရန် ဆန္ဒပြုကြောင်း ဝန်ကြီးဌာနက ထပ်မံဖော်ပြထားသည်။

ဆင်ဟွာ




# ဂျပန်ရှင်မိုအဲတောင် မီးတောင်သတိပေးချက်အဆင့်မြှင့်တင်

**တိုကျို မတ် ၃၀**

ဂျပန်နိုင်ငံ တာဝန်ရှိသူများက နိုင်ငံအနောက်တောင်ပိုင်းရှိရှင်မိုအဲတောင်အတွက် မီးတောင်ဆိုင်ရာ သတိပေးချက်ကို အဆင့်-၃ သို့ တိုးမြှင့်လိုက်ကြောင်း သိရသည်။ မီးတောင်သတိပေးချက်မှာ အဆင့်-၅ ဆင့်ရှိကြောင်း၊ တောင်တက်ခွင့်ကို ကန့်သတ်လိုက်ကြောင်းလည်း သိရသည်။

ရှင်မိုအဲတောင်သည် ကာဂိုရှီးမားနှင့် မီယာဇာကီခရိုင်များ ထိစပ်နေသော ကိရိရှီးမားတောင်တန်းတွင် တည်ရှိသည်။ ဂျပန် မိုးလေဝသအေဂျင်စီက မီးတောင်ဆိုင်ရာ သတိပေးချက်ကို မတ် ၃၀ ရက် နံနက် ၃ နာရီ ၅၃ မိနစ်တွင် အဆင့်တိုးမြှင့်လိုက်ခြင်း ဖြစ်သည်။

မီးတောင်ဝအတွင်း တိုက်ရိုက်ဗဟိုပြုသည့် ငလျင်မှာ မတ် ၂၈ ရက်မှစတင်ကာ တိုးလာနေကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ထို့အပြင် မတ် ၃၀ ရက် နံနက် ၂ နာရီ မိနစ် ၅၀မှ စပြီး တောင်ပြန့်ကားလာမှုကို ညွှန်ပြသော မြေပြင်လှုပ်ရှားမှုများကို တွေ့ရှိခဲ့ရပြီး မီးတောင်လှုပ်ရှားမှု ၁၀ မိနစ်ခန့် ဆက်တိုက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အေဂျင်စီက မတ် ၃၀ ရက် နံနက် ၆ နာရီတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး မီးတောင်လှုပ်ရှားမှု စောင့်ကြည့်ရေးတာဝန်ခံ ကန်နိုတိုမိုယူကီက ဒေသအန္တရာယ်ရှိ အမိန့် ညွှန်ကြားချက်များကို လိုက်နာကြရန်နှင့် အန္တရာယ်ရှိသောနေရာများသို့ သွားရောက်ခြင်း မပြုကြရန် ပြည်သူများအား တိုက်တွန်း နှိုးဆော်ထားသည်။

ယာဉ်မောင်းများအပါအဝင် လေစုန်လေအောက် ဒေသတွင်ရှိသော ပြည်သူများအား ပြာမှုန်နှင့် ကျောက်တုံး ကျောက်ခဲငယ်များကို သတိပြုကြရန်လည်း ပြည်သူများအား တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်ရှိ လူနေရပ်ကွက်အတွင်းသို့ လေယာဉ်ငယ်တစ်စင်းပျက်ကျ

**လော့စ်အိန်ဂျလိစ် မတ် ၃၀**

အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ်ရှိ လူနေရပ်ကွက်အတွင်းသို့ မတ် ၂၉ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုကြောင့် နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်လေကြောင်း စီမံခန့်ခွဲမှု အဖွဲ့က ပြောသည်။

ဆိုကာတာ တီဘီအမ်၇ အမည်ရှိ အဆိုပါ လေယာဉ်ငယ်မှာ မတ် ၂၉ ရက်က ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။ အဆိုပါ လေယာဉ်မှာ အိုင်အိုဝါပြည်နယ် ဒက်မွိုင်းစ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ပြီး မင်နီယာပိုလစ်မြို့တွင်ရှိသည့် အန်နိုကာကောင်တီဘလိန်းလေဆိပ်ကို ဦးတည်ပျံသန်းခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ပေါ်တွင် လူပေါင်းမည်မျှပါသည်ကို မသိရှိရသေးပေ။ သို့သော်လည်း လေယာဉ်ပေါ်တွင် အသက်ရှင်ကျန်ရစ်သူ မရှိကြောင်း ဘရွတ်ကလင်းပွါခ် မီးသတ်ဌာနကို ဒေသခံမီဒီယာများက ကိုးကား ဖော်ပြထားသည်။

ဆင်ဟွာ

# ဩစတြေးလျဝန်ကြီးချုပ် အယ်ဘာနီးစ် ဒုတိယသက်တမ်းအတွက် အနိုင်ရဖွယ်ရှိ

**ကင်ဘာရာ မတ် ၃၀**

ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်နှင့် ၎င်း၏အစိုးရအဖွဲ့ လေဘာပါတီသည် မေလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် အနိုင်ရဖွယ်ရှိကြောင်း မတ် ၃၀ ရက် နမူနာစစ်တမ်းအရ သိရသည်။



ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်ဘာနီးစ်။

လေဘာပါတီသည် မေ ၃ ရက် ရွေးကောက်ပွဲတွင် ပါလီမန်၏ အောက်လွှတ်တော်အတွင်း နေရာ ၁၅၀ အနက် ၇၅ နေရာဖြင့် အနိုင်ရဖွယ်ရှိကြောင်း သိရသည်။ ရွေးကောက်ပွဲမဲဆွယ်မှု၏ ဒုတိယနေ့တွင် မဲဆန္ဒရှင် ၃၈၆၂၉ ဦး၏ စစ်တမ်းကို ထုတ်ပြန်ကြေညာခဲ့ပြီး အတိုက်အခံညွန့်ပေါင်းအဖွဲ့က အမတ်နေရာ ၆၀ ရရှိနိုင်ဖွယ်ရှိကြောင်း သိရသည်။

မတ် ၃၀ ရက်က ကင်ဘာရာ၌ ပြုလုပ်သည့် မဲဆွယ်စည်းရုံးပွဲတွင် အယ်ဘာနီးစ်က ပြန်လည်ရွေးကောက်ခံ အလုပ်သမား အစိုးရသည် အကျိုးအမြတ်အတွက် ဈေးနှုန်း အလွန်အကျွံတင်သည့် ကုန်ပဒေသာတိုက်များကို ပိတ်ပင်မည့် ဥပဒေသစ်များကို မိတ်ဆက်သွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားသည်။

ဆင်ဟွာ

# နော်ဝေနိုင်ငံရှိ အန်ဒိုရာအာကာသယာဉ်လွှတ်တင်ရေးနေရာမှ လွှတ်တင်လိုက်သောဒုံးပျံ ပေါက်ကွဲမှုဖြစ်ပွား

**အော့စလို မတ် ၃၀**

နော်ဝေနိုင်ငံရှိ အန်ဒိုရာအာကာသယာဉ် လွှတ်တင်ရေးနေရာမှ လွှတ်တင်လိုက်သော ဂျာမနီနိုင်ငံထုတ် ဒုံးပျံတစ်စင်းမှာ မတ် ၃၀ ရက်က လွှတ်တင်ပြီး မကြာမီတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဂျာမန် Isar Aerospace ကုမ္ပဏီမှ တီထွင်ထုတ်လုပ်လိုက်သော စပက်ထရမ်ဒုံးပျံကို ဒေသစံတော်ချိန် မွန်း လွဲ ၁၂ နာရီခွဲတွင် လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ဒုံးပျံမှာ လေထဲသို့ ပျံတက်ပြီး စက္ကန့် ၂၀ ခန့်အကြာတွင် ဘေးသို့တိမ်းစောင်းကာ မြေပြင်ပေါ်ပြန်လည်ကျဆင်းပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဒုံးပျံကို တိုက်ရိုက်ထုတ်လွှင့်နေစဉ်တွင် ကျယ်လောင်သော ပေါက်ကွဲသံကို ကြားခဲ့ရကြောင်းနှင့် ရုပ်သံဖိုင်တစ်ခုတွင် အမြင့်မီတာ ၃၀ နီးပါးရှည်လျားပြီး အလေးချိန် တန် ၅၀ ရှိ ဒုံးပျံမှာ အန်ဒိုရာကျွန်းပေါ်မှ နော့ဒ်မယ်လာတွင်ရှိသည့် လွှတ်တင်ရေးစင် အနီးတွင် ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။

ဒုံးပျံ ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ အန်ဒိုရာအာကာသနှင့် Isar Aerospace တို့က နောက်ထပ်သိရှိလာသည့် အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆင်ဟွာ

# ငါးရိက္ခာဖူလုံစေရေး ငါးမျိုးစိုက်ထည့်ပေး

**ဝေလင်းမောင်(ငါးဦးစီး)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန်၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်တို့ကို မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိပါသည်။ မျှော်မှန်းချက်အနေဖြင့် ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ရည်မှန်းချက်(၆)ရပ်၊ လုပ်ငန်းစဉ်(၂၅)ချက်ကို ရေးဆွဲချမှတ်ပြီး ငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။




ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အဖွဲ့ဝင်များ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ရွာ ပေါင်းလောင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်စဉ်။ (၃-၈-၂၀၂၄)

ထိုသို့ ဆောင်ရွက်ရာတွင် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများအလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါးမျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားစေရန်၊ ငါးရိက္ခာများရေရှည်စားသုံးနိုင်ရန်ရည်ရွယ်၍ မြစ်ကြီးများ၊ သဘာဝမြစ်၊ ချောင်း၊ အင်းအိုင်၊ ယင်းတို့နှင့် ထိစပ်လျက်ရှိသော မြစ်ဖျား၊ ချောင်းဖျားများနှင့် ဆည်၊ ကန်၊ ရေလှောင်တမံများအတွင်းသို့ နှစ်စဉ် တစ်လက်မအရွယ် ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးလျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေးအတွက် အရေးကြီးသည့်အတွက် မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေ၊ မြေနှင့် အခြေခံကောင်းများရှိသည့်အတွက် အကျိုးရှိအောင် အသုံးချရန်၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်၊ တိုင်းပြည်အတွက် စားရေရိက္ခာပေါများစေရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဓိကမြစ်များအပါအဝင် မြစ်၊ ချောင်း၊ အင်းအိုင်များတွင် ငါးသားပေါက်မျိုးများ အမြောက်အမြား စိုက်ထည့်ပေးခြင်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်အားပေးကြပ်မတ် ဆောင်ရွက်သွားရန်၊ ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကငါးမွေးမြူရေးလုပ်ငန်းကို အားပေးရန်နှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်လျှင် စားရေရိက္ခာဖူလုံသည့်အပြင် စီးပွားဖြစ်သည့်အဆင့်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁) တွင် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုနှစ်တွင် စိုက်ထည့်မည့်ငါးမျိုးသည် ရှင်သန်မှုနှုန်း ပိုမိုကောင်းမွန်ရေးအတွက် အနည်းဆုံးနှစ်လက်မ အရွယ်ရှိသည့် ငါးသားပေါက်များကိုသာ မျိုးစိုက်ထည့်ရန်၊ သားငါးပေါများစေရန် အဓိကမြစ်ကြီးများတွင် ပိုမိုစိုက်ထည့်ရန်၊ ငါးမျိုးစိုက်ထည့်သည့်အချိန်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လိုအပ်သည့်အဖွဲ့များဖွဲ့စည်း၍ ငါးမျိုးစိုက်ထည့်ရန်၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ထိရောက်သည့် ငါးမွေးမြူရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်နှင့် ငါးသားဖောက်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ ရေချိုရေပြင်များ

မြန်မာနိုင်ငံတွင် ရေချိုငါးများရှင်သန်ပေါက်ပွားကြီးပြင်းနေထိုင်နိုင်သည့် ကုန်းတွင်းရေချိုရေပြင်များဖြစ်သော မြစ်ချောင်း၊ အင်းအိုင်များသည် ဧရိယာအားဖြင့် ဟက်တာသန်းပေါင်း ၈ ဒသမ ၁ - ၈ ဒသမ ၂ သန်း ရှိပါသည်။ အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်- အရှည် ကီလိုမီတာ ၂၁၅၀၊ ချင်းတွင်းမြစ်- အရှည် ကီလိုမီတာ ၁၂၀၀၊ သံလွင်မြစ်- အရှည် ကီလိုမီတာ၂၈၀၀၊ စစ်တောင်းမြစ်- အရှည် ကီလိုမီတာ ၄၂၀၊ သဘာဝကန်ကြီးများဖြစ်သည့် ရှမ်းပြည်နယ် အင်းလေးကန်-ဟက်တာ ၁၅၅၀၀၊ ကချင်ပြည်နယ် အင်းတော်ကြီးကန်-ဟက်တာ ၁၂၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်ကန် - ဟက်တာ ၂၈၅၀၊ ရေချိုရေပြင်ဧရိယာစုစုပေါင်း ဟက်တာ ၈ ဒသမ ၁ သန်းအနက် ဧရိယာဟက်တာ ၁ ဒသမ ၂ - ၁ ဒသမ ၃ သန်းသည် အမြဲတမ်းတည်ရှိသောရေချိုရေပြင်ဖြစ်ပြီး ကျန်ရှိသော ဧရိယာဟက်တာ ခုနစ်သန်းခန့်သည် ရာသီအလိုက် ရေပေါ်ရေလျှံဧရိယာများဖြစ်ပါသည်။ ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိပွားများရန် သဘာဝရေပြင် (မြစ်၊ချောင်း၊ အင်း၊ အိုင် - ဧက ၂၀ ဒသမ ၅၀ (သန်း)၊ ရေဝပ်ဧရိယာ - ၁၅ ဧက (သန်း)၊ ဆည်/ရေလှောင်ကန် - ၄ ဒသမ ၅ ဧက (သန်း)၊ စပါးစိုက်ဧက - ၁၃ ဒသမ ၃၈ ဧက (သန်း) စုစုပေါင်း ၅၃ ဒသမ ၃၈ ဧက (သန်း)ရှိပါသည်။

## မြန်မာနိုင်ငံ၏ ရေချို/ရေငန်စပ်နှင့် ရေငန်ရေပြင်များ

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်ဘက်တွင် အိန္ဒိယသမုဒ္ဒရာ၊ ဧရာဝတီတိုင်းဒေသကြီးဘက်၌ ဘင်္ဂလားပင်လယ်အော်၊ တနင်္သာရီတိုင်းဒေသကြီးဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့နှင့် ထိစပ်နေပြီး ကမ်းရိုးတန်းဒေသများတွင် ရေငန်ပုစွန်၊ ကဏန်းပျော့မွေးမြူရေးနှင့် ကမ်းနီးပင်လယ်ပြင်တွင် ရေငန်ငါး၊ ရေမှော်စသည်တို့ကို မွေးမြူလျက်ရှိပါသည်။ မြန်မာနိုင်ငံကမ်းရိုးတန်းအရှည်မှာ ၂၈၃၂ ကီလိုမီတာရှိပါသည်။ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုစွန်မွေးတောင်သူများသည် ပုစွန်မွေးမြူရာတွင် အများအားဖြင့် သဘာဝမှ ပုစွန်သားပေါက်များကို မွေးကန်အတွင်း ရေသွင်းပြီး ပါလာသည့် ပုစွန်သားပေါက်များကိုသာ ထည့်သွင်းမွေးမြူသောလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ယခုအခါ သဘာဝတွင် ဖမ်းဆီးမှုများပြားခြင်းကြောင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း၊ သဘာဝ၌ ပုစွန်သားပေါက်များ ထွက်ရှိမှုမှာ တဖြည်းဖြည်းလျော့ကျလာပြီဖြစ်သည်။ ပုစွန်သားပေါက်များကို ပုစွန်သားပေါက်စခန်းများမှရယူပြီး ပုစွန်မွေးမြူရေးလုပ်ငန်းအား လုပ်ဆောင်သွားရန်နှင့် သဘာဝရေပြင်သို့ ပုစွန်မျိုးများ မျိုးစိုက်ထည့်ရန် လိုအပ်လာပါသည်။ သို့ဖြစ်ပါ၍ ရေငန်ပုစွန်သားပေါက်များအား ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ကျောက်ဖြူပုစွန်သားဖောက်စခန်း၊ စစ်တွေမြို့နယ်ရှိ ရေချမ်းပြင်ပုစွန်သားဖောက်စခန်းနှင့် အောင်တိုင်ပုစွန်သားဖောက်စခန်းတို့မှလည်းကောင်း၊ ရေချိုပုစွန်သားပေါက်များအား ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်း ပုစွန်သားဖောက်စခန်းမှလည်းကောင်း နှစ်စဉ်မျိုးစိုက်ထည့်ပေးလျက်ရှိပါသည်။

**❂ ရေချိုငါးသယံဇာတများ ရှင်သန်တည်ရှိပွားများရန် သဘာဝရေပြင် (မြစ်၊ ချောင်း၊ အင်း၊ အိုင် - ဧက ၂၀ ဒသမ ၅၀ (သန်း)၊ ရေဝပ်ဧရိယာ - ၁၅ ဧက (သန်း)၊ ဆည်/ရေလှောင်ကန် - ၄ ဒသမ ၅ ဧက (သန်း)၊ စပါးစိုက်ဧက- ၁၃ ဒသမ ၃၈ ဧက(သန်း) စုစုပေါင်း ၅၃ ဒသမ ၃၈ ဧက (သန်း)ရှိ**

**❂ ယခုအခါ သဘာဝတွင် ဖမ်းဆီးမှုများပြားခြင်းကြောင့်လည်းကောင်း၊ ရာသီဥတု ပြောင်းလဲမှုကြောင့်လည်းကောင်း၊ သဘာဝ၌ ပုစွန်သားပေါက်များထွက်ရှိမှုမှာ တဖြည်းဖြည်းလျော့ကျလာပြီဖြစ်သည်။ ပုစွန်သားပေါက်များကို ပုစွန်သားပေါက် စခန်းများမှရယူပြီး ပုစွန်မွေးမြူရေးလုပ်ငန်းအား လုပ်ဆောင်သွားရန်နှင့် သဘာဝ ရေပြင်သို့ ပုစွန်မျိုးများ မျိုးစိုက်ထည့်ရန် လိုအပ်**

## ရေချိုငါးသယံဇာတ ရေရှည်တည်တံ့ရန်ဆောင်ရွက်ချက်များ

ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်း ရေပြင်များပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ခြင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးခြင်း၊ ဂရန်အင်းအတွင်း Capture based culture system (ဖမ်းဆီးခြင်းကို အခြေခံသော မွေးမြူရေးစနစ်) ဖြင့် တိုင်းရင်းငါးမျိုးများအား ထိန်းသိမ်းပြုစုမွေးမြူခြင်း၊ ဂရန်အင်းအတွင်း ငါးအထွက်တိုးစေရေးအတွက် Culture based capture system (မွေးမြူရေးကို အခြေခံသောဖမ်းဆီးထုတ်လုပ်မှုစနစ်) ဖြင့် မွေးမြူရေးငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်း၊ ဆည်၊ ကန်၊ ရေလှောင်တမံများအပါအဝင် ရေချိုငါးလုပ်ငန်းရေပြင်များတွင် ငါးမျိုးစိုက်ထည့်ခြင်း၊ တိုင်းရင်းငါးမျိုးထိန်းသိမ်းခြင်းနှင့် ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် သုတေသနအင်းများ သတ်မှတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ရေချိုငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဌာနပိုင်ငါးလုပ်ငန်းစခန်းများမှ အရည်အသွေးကောင်းမွန်သော ငါးမျိုးများဖောက်ပြီး ငါးသားဖောက်ထုတ်လုပ်ခြင်းနှင့် သဘာဝရေပြင်များသို့ ငါးသားပေါက်များမျိုးစိုက်ထည့်ပေးခြင်း၊ သဘာဝငါးနေငါးထိုင်များနှင့် ငါးများ သားပေါက်၊ မျိုးပွားသည့်နေရာများ ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားတစ်ဖက်၌လည်း ငါးဖမ်းလုပ်ငန်းများကို စီမံခန့်ခွဲမှုအနေဖြင့် တရားမဝင်သောငါးဖမ်းနည်းများ (ဘက်ထရီရှော့တိုက်ခြင်း၊ အဆိပ်ချ၊ မိုင်းခွဲငါးဖမ်းခြင်း) ဖြင့် ဖမ်းဆီးထုတ်လုပ်ခြင်းကို မပြုလုပ်ရန် အသိပညာပေးခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတများ ရေရှည်တည်တံ့ပွားများစေရန် ထိန်းသိမ်းခြင်းနှင့် မျိုးပွားရာသီတွင် မျိုးငါးမကြီးများနှင့် ပေါက်ပွားလာသော ငါးရစ်၊ ငါးသန်များကို မဖမ်းဆီးရေး အသိပညာပေးခြင်းနှင့် တားမြစ်ခြင်း၊ အရေးယူခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။

## ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်မှု

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ ရေရှည်တည်တံ့ပြန့်ပွားစေရေးနှင့် ငါးစားသုံးမှုဖူလုံစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ သဘာဝမြစ်၊ ချောင်းများအတွင်းသို့ ဌာနပိုင်ငါးလုပ်ငန်းစခန်း ၂၆ ခုနှင့် ပုစွန်သားဖောက်စခန်း(၃)တို့မှ ဖော်ပြပါ **(ဇယား)**အတိုင်း နှစ်အလိုက် နှစ်လက်မအရွယ် ငါး/ပုစွန်သားပေါက်များအား မျိုးစိုက်ထည့်ပေးခဲ့ပါသည်။

| ခုနှစ် | မျိုးစိုက်ကောင်ရေ (သိန်း) | မှတ်ချက် |
|---|---|---|
| ၂၀၂၀-၂၀၂၁ | ၁၀၇၇.၆၃၉ | ၁၀၀ % မျိုးစိုက် |
| ၂၀၂၁-၂၀၂၂ (ဖလဘဏ္ဍာနှစ်) | ၄၁၄.၁၆၅ | ၁၀၀ % မျိုးစိုက် |
| ၂၀၂၂-၂၀၂၃ | ၁၀၆၂.၄၄၂ | ၁၀၀ % မျိုးစိုက် |
| ၂၀၂၃-၂၀၂၄ | ၅၅၁.၁၁၄ | ၅၀ % မျိုးစိုက် |
| ၂၀၂၄-၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလအထိ | ၃၈၁.၆၃၉ | ၄၀ % မျိုးစိုက် |

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သဘာဝမြစ်၊ ချောင်းများအတွင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ ပြည်ထောင်စုဝန်ကြီး၏ ကြီးကြပ်မှုတို့ဖြင့် နှစ်လက်မအရွယ် ငါး/ပုစွန်သားပေါက်ကောင်ရေ ၃၈၈ ဒသမ ၇၄ သိန်း မျိုးစိုက်ထည့်ပြီး ငါးရိက္ခာဖူလုံစေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# ပန်းတနော်မြို့နယ်၌ ကျုံပတောချောင်းကူး ကွန်ကရစ်တံတားဖွင့်

**ပန်းတနော် မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ စုစုပေါင်း ငွေကျပ် သန်း ၉၀၀ ဖြင့် ဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော အိုးဘို-ချောင်းကလေး လမ်းပေါ်ရှိ အရှည် ပေ ၁၈၀ ရှိ ကျုံပတောချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် ညနေပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ သံယဇာတ ရေးရာဝန်ကြီး ဦးအုန်းမြင့် နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**



ထို့နောက် ချောင်းကူးတံတား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများထံ တာဝန်ရှိသူများက ပေးအပ်သည်။

ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များက ဖွင့်လှစ်ပြီးသော အိုးဘို- ချောင်းကလေး လမ်းပေါ်ရှိ ကျုံပတောချောင်းကူးတံတား မင်္ဂလာမော်ကွန်းတင်ကမ္ပည်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပြီး ကွန်ကရစ်တံတားသစ်ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား (၁၁)ကြိမ်မြောက် အခမဲ့စမ်းသပ်စစ်ဆေးကုသပေး

**ရန်ကုန် မတ် ၃၀**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရ၏ ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား (၁၁)ကြိမ်မြောက် အခမဲ့စမ်းသပ်စစ်ဆေးခြင်းအလှူတော်ကို မတ် ၂၅ ရက်တွင် စတင်ဆောင်ရွက်ပေးခဲ့သည်။

(၁၁)ကြိမ်မြောက် အလှူတော်တွင် မျက်စိကုသရန် စာရင်းပေးထားသူ ၁၂၀၀ အား မတ် ၂၅ ရက်မှ ၂၆ ရက်အထိ တစ်ရက်လျှင် ၆၀၀ ကို နံနက်ပိုင်း၊ နေ့လယ်ပိုင်း နှစ်သုတ်ခွဲ၍ စမ်းသပ်ပေးခဲ့ပြီး စမ်းသပ်ပြီးသူများအား မတ် ၂၆ ရက်တွင် စတင်ခွဲစိတ်ကုသပေးခဲ့သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံအထိ ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်း အလှူပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပဲခူးမြို့၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့်နည်းပညာသင်တန်းနှင့် လေအေးပေးစက် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်

**ပဲခူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ပဲခူး) သင်တန်းခန်းမ၌ မတ် ၂၈ ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ကြီးမှူး၍ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် နည်းပညာသင်တန်းနှင့် လေအေးပေးစက် (Air Compressor) ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း ဖွင့်ပွဲကျင်းပသည်။




ဦးစွာ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်မာသက်မှ သင်တန်းဖွင့်လှစ်ခဲ့မှုနှင့် သင်တန်းဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ပြသထားသည့် ထုတ်ကုန်ပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါလူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းနှင့် လေအေးပေးစက် ပြုပြင်ထိန်းသိမ်းခြင်းသင်တန်းကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကာ ကျွမ်းကျင်သင်တန်းနည်းပြများမှ သင်တန်းခေါင်းစဉ်ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ထက်**



ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအဖွဲ့ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ မတ် ၂၉ ရက်က ဟင်္သာတမြို့ ပဒေသာဈေးအတွင်း ပြည်သူများအား ငလျင်ဘေးနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေစဉ်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ရှင်အပါး ၅၅၀၀ အလှူတော် မင်္ဂလာကျင်းပနိုင်ရန်အတွက် သဲဖြူတောရဓမ္မရိပ်သာကျောင်းဝင်းအတွင်း မတ် ၂၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်၊ အဖွဲ့ဝင် ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင် ဦးဝင်းစိုးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ တပ်မတော်အရာရှိစစ်သည်များနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ကောင်းမြတ်သူ(မှော်ဘီ)

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရွှေဗျိုင်းဖြူစက်သုံးဆီဆိုင်၌ မတ် ၂၉ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှုများကို မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်း



ပုသိမ် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး(ကိုယ်စား) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမိုးဇော်အောင်က ကော်မတီ၏လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှုများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သောမြို့၊ နေရာဒေသ (ကျေးရွာ)၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းစသည်တို့အား ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် အစည်းအဝေးမှ အဆိုပြုဆုံးဖြတ်ပေးရန် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအပေါ် အကြံပြုဆွေးနွေးကြပြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးက နိဂုံးချုပ်စကားပြောကြားသည်။ အစည်းအဝေးအပြီးတွင် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များအား နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာ ရည်မှန်းချက်များ ပေါင်းစပ်အကောင်အထည်ဖော်ရေးစာအုပ်များနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကျိုက်လတ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု ကျေးရွာချင်းဆက် ချောင်းကူးကွန်ကရစ်တံတားဖွင့်

ကျိုက်လတ် မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက်က တမံကြီးကျေးရွာအုပ်စုနှင့် လေလံပင်ကျေးရွာအုပ်စုရှိ ကျေးရွာချင်းဆက် ချောင်းကူးကွန်ကရစ်တံတားဖွင့်ပွဲ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တံတားအလှူရှင် ဦးကြည်ဝင်းက လှူဒါန်းရခြင်းအကြောင်းပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင် ဦးကြည်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ တမံကြီးကျေးရွာအုပ်စု ကွန်ကရစ်တံတားသည် အလှူရှင်မှ လှူဒါန်းငွေကျပ် သိန်း ၁၀၀၀၊ ကျေးရွာပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် သိန်း ၅၀၀ စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၁၅၀၀ ဖြင့်လည်းကောင်း၊ လေလံပင်ကျေးရွာအုပ်စု ကွန်ကရစ်တံတားသည် အလှူရှင်မှ လှူဒါန်းငွေကျပ် သိန်း ၇၀၀၊ ကျေးရွာပြည်သူလူထုမှ ထည့်ဝင်ငွေကျပ် သိန်း ၄၁၀ စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၁၁၁၀ တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်းသို့ ဆရာ ဆရာမ ၁၃၁၇ ဦး တက်ရောက်




လှည်းကူး မတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာ သင်တန်း (Dip. EP) အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို မတ် ၂၆ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ဆရာအတတ်ပညာ အရည်အသွေးပိုမိုပြည့်ဝသည့် ဆရာ ဆရာမကောင်းများ ဖြစ်လာစေရန်၊ ကျောင်းနေအရွယ် ကလေးတိုင်း ဘက်စုံပညာပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ထူးချွန်ထက်မြက်သော နိုင်ငံသားကောင်းများ ပေါ်ထွန်းလာစေရန်အတွက် အဓိကဖော်ဆောင်ပေးရမည့် ဆရာ ဆရာမများ မွေးထုတ်ပေးရန်၊ အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး သင်ကြားရေးစွမ်းရည်မြင့်မားသော ဆရာ ဆရာမများဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်အတွက် ရည်ရွယ်၍သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လှည်းကူးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က Dip.EPသင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က သင်တန်းတက်ရောက်သည့် ဆရာ ဆရာမများနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ဇရစ်ချောင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ကျိုက်ထို မတ် ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဇရစ်ချောင်ကျေးရွာ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာဝင်လမ်းပိုင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၁၃ ဒသမ ၆၇၈ သန်းဖြင့် ကျိုက်ထိုမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ် မေ ၂၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



## ဓနုဖြူမြို့နယ်၌ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု သက်ကြီးရွယ်အိုများကို သွားတု(အံကပ်)များ အခမဲ့တပ်ဆင်ပေး

ဓနုဖြူ မတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် သက်ကြီးရွယ်အိုများအား သွားတု (အံကပ်) အခမဲ့တပ်ဆင်ပေးခြင်းကို မတ် ၂၈ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဒေါက်တာခင်မောင်ညွှန်ကြားရေးမှူး သွားကျန်းမာ(နေပြည်တော်) ဦးဆောင်သော ဆရာဝန်ကြီးများ၊ သွားတုပညာရှင်များ ပါဝင်သော အဖွဲ့ဝင် ၁၃ ဦးနှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြို့နယ်အတွင်းရှိ သွားနှင့်ခံတွင်းလူနာ ၁၅၇ ဦးအား သွားကျန်းမာရေး စစ်ဆေးကုသပေး၍ ၅၂ ဦးအား သွားတု(အံကပ်) အခမဲ့တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါ အံကပ်တပ်ဆင်ခြင်း လုပ်ငန်းကို မတ် ၂၇ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထိုသို့ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ အဖွဲ့ဝင် ဦးစိန်မောင်ဝင်း၊ အတွင်းရေးမှူး ရဲမှူး အောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မြင့်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာမှုကို တွေ့ရစဉ်။



မလေးရှားနိုင်ငံမှ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာမှုကို တွေ့ရစဉ်။

❍ *ကျောဖုံးမှ*

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ မလေးရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့်ဆေးဝါးများ၊ ထိုင်းနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများနှင့် ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့်အတူ ဆရာဝန်နှင့်သူနာပြုဆေးအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေး ခွေးလေးကောင်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများရောက်ရှိကြသည်။

ယနေ့ရောက်ရှိသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး အဆိုပါအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင်လည်း တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်အောင်ပန်း အဆောက်အအုံများ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ကလော မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အောင်ပန်းမြို့ အမှတ်(၄)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေးရှိ ဟိုတယ်အောင်ပန်းငါးထပ်အခန်း ၄၉ ခန်း အဆောက်အအုံသည် မတ် ၂၈ ရက်က သဘာဝဘေးငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြီးကြပ်ညွှန်ကြားမှုဖြင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ကလောတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် အဖွဲ့ဝင်များ၊ အမြောက်တပ်မမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ အရာရှိနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ အောင်ပန်းမြို့ မီးသတ်စခန်းမှူးနှင့်အဖွဲ့ဝင်များ၊ အောင်ပန်းမြို့ အုပ်ချုပ်ရေးမှူး နှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် တာဝန်ရှိသူများက ဟိုတယ်အောင်ပန်းအဆောက်အအုံတွင် ပိတ်မိနေသည့် ဟိုတယ်ဝန်ထမ်းနှင့် ဧည့်သည်များအား အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ၁၉ ဦး ရှာဖွေတွေ့ရှိခဲ့ပြီး အသက်ရှင် ကယ်တင်နိုင်သူ ၁၀ ဦးနှင့် သေဆုံးသူ ကိုးဦးတို့ ရှာဖွေတွေ့ရှိကြောင်း၊ အသက်ရှင် ဒဏ်ရာရလူနာများသည် ခုတင် ၇၀၀ ဆံ့ တပ်မတော်ဆေးရုံတွင် ဆေးကုသမှု ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**



# မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး) က ဦးဆောင်၍ စုပေါင်းသွေးလှူဒါန်း

**ပဲခူး မတ် ၃၀**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး) မှ ဦးဆောင်၍ ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး အောင်သုခ ဆေးကုသဆောင်၌ ငလျင်ဘေးဒဏ်ကြောင့် နိုင်ငံတော်မှ အရေးပေါ်လိုအပ်လျက်ရှိသော သွေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့သည်။




**သွေးအလုံးရေ ၃၁ လုံး စုပေါင်းလှူဒါန်း**

အဆိုပါ သွေးလှူဒါန်းပွဲသို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးဖြိုးကိုလင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ရှင်း၊ အတွင်းရေးမှူး ဦးတင်ထွန်းအောင်နှင့် တိုင်းအလုပ်အမှုဆောင်များ၊ ပဲခူးဆေးရုံကြီး၏ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) ပဲခူးတိုင်းဒေသကြီး၏ မိသားစုဝင်များ၊ အသင်းဝင်များမှ လတ်တလော အရေးပေါ်လိုအပ်လျက်ရှိသော သွေးလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ရန်အတွက် သွေးအလုံးရေ ၃၁ လုံးကို စုပေါင်းလှူဒါန်းခဲ့သည်။

**သွေးအလှူရှင်များအတွက် အားဖြည့်အချိုရည်များ၊ ကြက်ဥများပေးအပ်**

သွေးလှူဒါန်းပေးသည့် သွေးလှူရှင်များအား မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း (ပဲခူးတိုင်းဒေသကြီး) အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရင်းနှီးချစ်ခင်စွာ လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားပြီး သွေးအလှူရှင်များအတွက် အားဖြည့်အချိုရည်များ၊ ကြက်ဥများကို ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် အားဖြည့်အချိုရည်များကို ဒါနပြုလှူဒါန်းခဲ့သည်။

**၂၄ နာရီ (အခမဲ့) အကူအညီတောင်းခံနိုင်**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ပဲခူးတိုင်းဒေသကြီး) သည်လတ်တလောတွင် နိုင်ငံတော်မှ အရေးပေါ်လိုအပ်လျက်ရှိသော သွေးလိုအပ်ချက်များကို ဖြည့်ဆည်း ကူညီဆောင်ရွက်နိုင်ရန် ပဲခူးမြို့အတွက် ၂၄ နာရီ (အခမဲ့) အချိန်မရွေး အကူအညီတောင်းခံနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

၂၂၁

# ဆီဆိုင်မြို့၌ အင်အားပြင်းငလျင်လှုပ်မှုကြောင့် ရေထွက်နှုန်းလျော့နည်းသွားသည့် မြို့ဦးရေထွက်အား ရှင်းလင်းဆောင်ရွက်

**ဆီဆိုင် မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့တွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေများ အဓိကဖြန့်ဝေပေးနေသည့် မြကန်သာရပ်ကွက် ဇဝနာရာမစာသင်တိုက်ကျောင်းရှိ မြို့ဦးရေထွက်သည် အင်အားပြင်းငလျင်လှုပ်မှုကြောင့် ရေထွက်နှုန်းလျော့နည်းသွား၍ ယနေ့နံနက်ပိုင်းက စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းပြီး ရေထွက်ပေါက်၊ ရေစုကန်တို့ကို ရေထွက်အား ပြန်လည်ကောင်းမွန်လာပြီး ဒေသခံပြည်သူများအား ယခင်အတိုင်း သောက်သုံးရေများ ပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဂရုစိုက်ကာကွယ် အပူဒဏ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်

**မြန်မာတစ်နိုင်ငံလုံးနီးပါးတွင် ရာသီဥတုပူပြင်းမှုကို သိသိသာသာခံစားလာရသည်။ နွေရာသီတွင် ရာသီဥတုပူပြင်းသဖြင့် ပြည်သူများအတွက် မလိုလားအပ်သော ကျန်းမာရေးအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဂရုစိုက်ကာကွယ်ရမည်ဖြစ်ပါသည်။**

*ကိုဘုန်း(ထုတ်လုပ်)*

အပူဒဏ်သည် ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပြီး အထူးသဖြင့် ပူပြင်းသော ရာသီဥတုဒဏ်ကို ခံစားနေရသော နေရာဒေသများတွင် ပိုမိုဆိုးရွားနိုင်သည်။ အပူဒဏ်ကြောင့် ခန္ဓာကိုယ်တွင်း အပူချိန်မြင့်တက်ပြီး ရေဓာတ်ဆုံးရှုံးမှုများဖြစ်ပေါ်ကာ ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် အပူဒဏ်ကို ကာကွယ်ရန် အောက်ပါနည်းလမ်းများကို လိုက်နာသင့်သည်။

**ရေများများသောက်ခြင်း**

အပူဒဏ်ကို ကာကွယ်ရန် ရေဓာတ်ပြည့်ဝနေရန် အရေးကြီးသည်။ ရေများများသောက်ခြင်းဖြင့် ခန္ဓာကိုယ်အတွင်း အပူချိန်ကို ထိန်းညှိပေးပြီး ရေဓာတ်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်သည်။ ပူပြင်းသောနေ့များတွင် ရေကို ပုံမှန်ထက် ပိုမိုသောက်သုံးသင့်သည်။

**အေးမြသောနေရာများတွင် နားနေခြင်း**

ပူပြင်းသောအချိန်များတွင် အေးမြသောနေရာများ၌ နားနေခြင်းဖြင့် အပူဒဏ်ကို ကာကွယ်နိုင်သည်။ အိမ်တွင်း၌ ပန်ကာ သို့မဟုတ် လေအေးပေးစက်ဖွင့်၍သော်လည်းကောင်း၊ အေးမြသည့် သစ်ပင်အရိပ်တွင် သော်လည်းကောင်း နားနေသင့်သည်။

**သင့်တော်သော ဝတ်စားဆင်ယင်မှု**

ပွပွချောင်ချောင် ချည်သားအဝတ်အစားများကို ဝတ်ဆင်ခြင်းဖြင့် အပူဒဏ်ကို ကာကွယ်နိုင်သည်။ ချည်သားသည် ချွေးကို စုပ်ယူနိုင်စွမ်းရှိပြီး အပူထုတ်လွှတ်မှုကို လျှော့ချပေးနိုင်သည်။

**နေရောင်ကို တတ်နိုင်သမျှ ရှောင်ပါ**

နေ့ခင်းဘက် အပူဆုံးအချိန်များတွင် နေရောင်ခြည်တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ကြဉ်သင့်သည်။ အပြင်ထွက်ရန် လိုအပ်ပါက ထီး၊ ဦးထုပ်နှင့် နေကာမျက်မှန်တို့ကို အသုံးပြုသင့်သည်။

**အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ**

အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် ရေဓာတ်ပါဝင်သော အစားအစာများကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်ကို ထိန်းသိမ်းပေးနိုင်သည်။ အပူဒဏ်ကို ခံနိုင်ရည်ရှိစေရန် အာဟာရပြည့်ဝသော အစားအစာများကို မျှတစွာ စားသုံးသင့်သည်။

**ကိုယ်လက်လှုပ်ရှားမှုကို သတိထားပါ**

ပူပြင်းသောရာသီဥတုတွင် ကိုယ်လက်လှုပ်ရှားမှုများကို လျှော့ချသင့်သည်။ အကယ်၍ လေ့ကျင့်ခန်းလုပ်ပါက နံနက်စောစော သို့မဟုတ် ညနေပိုင်းတွင် ပြုလုပ်သင့်သည်။

**အရက်နှင့် ကဖင်းဓာတ်ပါသော အချိုရည်များကို ရှောင်ပါ**

အရက်နှင့် ကဖင်းဓာတ်ပါသော အချိုရည်များသည် ခန္ဓာကိုယ်မှ ရေဓာတ်ကို ဆုံးရှုံးစေနိုင်သည်။ ထို့ကြောင့် ပူပြင်းသောရာသီဥတုတွင် ထိုသောက်စရာများကို ရှောင်ကြဉ်သင့်သည်။

**အပူလျှပ်ခြင်းလက္ခဏာများကို သတိထားပါ**

အပူလျှပ်ခြင်း၏ လက္ခဏာများဖြစ်သော ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်းတို့ကို သတိထားပါ။ ထိုလက္ခဏာများ ခံစားရပါက ချက်ချင်းအေးမြသောနေရာသို့ သွားရောက်၍ ရေသောက်ပြီး နားနေသင့်သည်။ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် အပူဒဏ်ကို ပိုမိုခံစားရနိုင်သောကြောင့် သူတို့အား အထူးဂရုစိုက်သင့်သည်။ ရေဓာတ်ပြည့်ဝနေစေရန် ဂရုပြုပြီး အေးမြသောနေရာများ၌ နားနေစေသင့်သည်။

**အရေးပေါ်အခြေအနေအတွက် ပြင်ဆင်ထားပါ**

အပူဒဏ်ကြောင့် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်ပါက နီးစပ်ရာ ဆေးရုံဆေးခန်းသို့ ချက်ချင်းသွားရောက်ကုသမှုခံယူသင့်သည်။ ထို့ကြောင့် အရေးပေါ်အခြေအနေအတွက် လိုအပ်သောဆေးဝါးများနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များကို အဆင်သင့်ပြင်ဆင်ထားသင့်ပြီး အပူဒဏ်



**ကျန်းမာရေးဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

**ခရမ်းလွန်ရောင်ခြည်အန္တရာယ်**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကို ပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။



ကို ကာကွယ်ရန် ရိုးရှင်းသော နည်းလမ်းများကို လိုက်နာခြင်းဖြင့် ကျန်းမာရေးကို ထိခိုက်မှုမှ ကင်းဝေးစေနိုင်ပါသည်။

အပူဒဏ်နှင့်အတူ နေမှထုတ်လွှတ်လိုက်သော ခရမ်းလွန်ရောင်ခြည်ကိုလည်း ဂရုစိုက်ကာကွယ် ရမည်ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည် (Ultraviolet Radiation) သည် နေရောင်ခြည်တွင် ပါဝင်သော စွမ်းအင်မြင့်မားသည့် လျှပ်စစ်သံလိုက်လှိုင်းများဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်ကို အတိုကောက်အားဖြင့် UV ရောင်ခြည်ဟုလည်း ခေါ်ဆိုကြပြီး ယင်းသည် လူ့မျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်အမျိုးအစားဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်၏ လှိုင်းအလျားပေါ် မူတည်၍ အမျိုးအစားများ ခွဲခြားထားပြီး လူသားများနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများရှိသည်။

**ခရမ်းလွန်ရောင်ခြည်၏ အမျိုးအစားများ**

ခရမ်းလွန်ရောင်ခြည်ကို ၎င်း၏လှိုင်းအလျားပေါ် မူတည်၍ အမျိုးအစားများ ခွဲခြားထားသည်။

UVA (ခရမ်းလွန်ရောင်ခြည် A)သည် လှိုင်းအလျား ၃၁၅- ၄၀၀ နာနိုမီတာရှိသည်။ လေထုထဲသို့ အလွယ်တကူ ဖြတ်သန်းနိုင်ပြီး မြေပြင်အထိ ရောက်ရှိသည်။ အရေပြားကို နက်ရှိုင်းစွာ ထိုးဖောက်နိုင်ပြီး အရေပြားအိုမင်းမှုနှင့် နေလောင်ဒဏ်ကို ဖြစ်စေနိုင်သည်။ UVB (ခရမ်းလွန်ရောင်ခြည် B) လှိုင်းအလျား ၂၈၀- ၃၁၅ နာနိုမီတာ ရှိပါသည်။ အိုဇုန်းလွှာက အတိုင်းအတာတစ်ခုအထိ စုပ်ယူထားသော်လည်း အချို့သော UVB ရောင်ခြည်များ မြေပြင်အထိ ရောက်ရှိနိုင်ပြီး အရေပြားကို နီမြန်းခြင်း၊ နေလောင်ခြင်းနှင့် အရေပြားကင်ဆာဖြစ်နိုင်ခြေကို မြင့်တက်စေပါသည်။ UVC (ခရမ်းလွန်ရောင်ခြည် C) လှိုင်းအလျား ၁၀၀-၂၈၀ နာနိုမီတာရှိပြီး အိုဇုန်းလွှာက လုံးဝစုပ်ယူထားသောကြောင့် မြေပြင်အထိ မရောက်ရှိပါ။ ထိုရောင်ခြည်သည် လူသားများအတွက် အန္တရာယ်အရှိဆုံးဖြစ်သော်လည်း ပိုးသတ်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်းများတွင် အသုံးပြုသည်။

**ခရမ်းလွန်ရောင်ခြည်၏ ကောင်းကျိုး/ဆိုးကျိုးများ**

ခရမ်းလွန်ရောင်ခြည်သည် ဆိုးကျိုးများရှိသလို ကောင်းကျိုးများလည်း ရှိပါသည်။ ခရမ်းလွန်ရောင်ခြည်၏ UVA နှင့် UVB ရောင်ခြည်များသည် အရေပြားကို ပျက်စီးစေပြီး နေလောင်ဒဏ်၊ အရေပြားကင်ဆာနှင့် အရေပြားအိုမင်းမှုကို ဖြစ်စေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်သည် မျက်လုံးကို ထိခိုက်စေနိုင်ပြီး မျက်ကြည်လွှာရောင်ခြင်း၊ အတွင်းတိမ်ဖြစ်ခြင်းနှင့် အခြားမျက်စိပြဿနာများကို ဖြစ်စေနိုင်သည်။ ထို့အပြင် ခရမ်းလွန်ရောင်ခြည်သည် အိုဇုန်းလွှာကို ပျက်စီးစေနိုင်ပြီး ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေနိုင်သည်။ သို့သော် UVB ရောင်ခြည်သည် အရေပြားအောက်ရှိ ကိုလက်စထရောကို အရိုးနှင့်သွားများကို သန်မာစေပြီး ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည့် ဗီတာမင် D အဖြစ်သို့ ပြောင်းလဲပေးနိုင်ပါသည်။ ထို့အပြင် UVC ရောင်ခြည်သည် ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် မှိုများကို သေစေနိုင်သဖြင့် ပိုးသတ်ရာတွင် အသုံးပြုသည်။ အရေပြားရောဂါများ ကုသရာတွင် UV ရောင်ခြည်ကို အသုံးပြုပါသည်။ ခရမ်းလွန်ရောင်ခြည်ကို သိပ္ပံဆိုင်ရာ လေ့လာမှုများ၊ ဆေးဘက်ဆိုင်ရာကုသမှုများနှင့် စက်မှုလုပ်ငန်းများတွင်လည်း အကျိုးရှိအောင် အသုံးပြုကြပါသည်။

အိုဇုန်းလွှာသည် ကမ္ဘာမြေကို ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးသည့် သဘာဝအကာအကွယ်တစ်ခု ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် လူသားများအတွက် အကျိုးကျေးဇူးများစွာ ရှိသော်လည်း ၎င်း၏ အန္တရာယ်များကို သတိထား ကာကွယ်ရန် လိုအပ်ပါသည်။

**ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်နည်းများ**

ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်သော နေကာမျက်မှန်ကို ဝတ်ဆင်ခြင်း၊ SPF 30 (သို့မဟုတ်) ထို့ထက်မြင့်သော နေလောင်ကာခရင်မ်ကို အသုံးပြုခြင်း၊ လက်ရှည်အဝတ်များကို ဝတ်ဆင်ခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ပြင်းသည့်အချိန်ကို ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

အပူရှိန်မြင့်မားချိန် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို ကလေးများ၊ သက်ကြီးဘိုးဘွားများ၊ အရက်သောက်သူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါအခံရှိသူများက ပို၍ ထိခိုက်ခံစားနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့ကို ပို၍ဂရုစိုက်ပေးရန် လိုအပ်ပါသည်။ ထို့ကြောင့် လူတိုင်းသည် ကျန်းမာရေးသတိ/အသိရှိစွာဖြင့် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို ကြိုတင်ကာကွယ်သင့်ပါကြောင်း တိုက်တွန်းအကြံပြုလိုက်ရပါသည်။ ။

- ❖ **ခရမ်းလွန်ရောင်ခြည်သည် လူသားများအတွက် အကျိုးကျေးဇူးများစွာရှိသော်လည်း ၎င်း၏အန္တရာယ်များကို သတိထားကာကွယ်ရန် လိုအပ်**
- ❖ **အပူရှိန်မြင့်မားချိန် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို ကလေးများ၊ သက်ကြီးဘိုးဘွားများ၊ အရက်သောက်သူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါအခံရှိသူများက ပို၍ ထိခိုက်ခံစားနိုင်**
- ❖ **ထို့ကြောင့် လူတိုင်းသည် ကျန်းမာရေးသတိ/အသိရှိစွာဖြင့် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို ကြိုတင်ကာကွယ်သင့်**

# တိုက်ကြီးမြို့နယ်၌ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၃၃၀ ဒသမ ၇၉ ဧကကို တောင်သူ ၅၀ သို့ လွှဲပြောင်းပေးအပ်

**ရန်ကုန် မတ် ၃၀**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ၂၀၂၄-၂၀၂၅ ခုနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သော စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ ၃၃၀ ဒသမ ၇၉ ဧကကို တောင်သူ ၅၀ သို့ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၇ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းနှင့် ကျိုက်စကိုင်းကျေးရွာအုပ်စု စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေ ရှင်းလင်းဆောင်၌ ဆောင်ရွက်သည်။

ဦးစွာ စနစ်ကျလယ်ယာမြေလွှဲပြောင်းပေးအပ်ပွဲကို တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူး ဦးတင်မောင်ကြည်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးသူအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးမှူးက စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးအဖွဲ့ (အောက်မြန်မာပြည်) သန်လျင်မြို့ တာဝန်ခံကဖော်ထုတ်ပြီး စနစ်ကျလယ်ယာမြေ ၃၃၀ ဒသမ ၇၉ ဧကကို တောင်သူ ၅၀ (ကိုယ်စား) တောင်သူနှစ်ဦးထံ လွှဲပြောင်းပေးအပ်ရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စနစ်ကျလယ်ယာမြေဖော်ထုတ်ရာတွင် တောင်သူ ၅၀ လုံး သဘောတူညီသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စီမံကိန်းလုပ်ငန်းများအား စတင်ခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနများနှင့်ပူးပေါင်း၍ တောင်သူများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တောင်သူများ တစ်နှစ်လျှင် နှစ်သီး၊ သုံးသီး စသဖြင့် စိုက်ပျိုးနိုင်ပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စနစ်ကျလယ်ယာမြေများကို ဖော်ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ငူ မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့နယ်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လမ်းတံတားများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် အမှတ် (၁၆၅) တွင် လမ်းသားကွန်ကရစ်ပျက်စီးခဲ့မှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၆၅/၁) ရှိ ဆွာချောင်းတံတား ထိခိုက်ပျက်စီးနေမှုများကို လမ်းပိုင်းများအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံးကောင်းမွန်မှုရှိစေရေး လမ်းနှင့်တံတားတို့အား တစ်ပြိုင်တည်းပြင်ဆင်ဆောင်ရွက်ရန်၊ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် သက်ဆိုင်သည့် မြို့နယ်လမ်းဦးစီးဌာနများက ပူးပေါင်းဆောင်ရွက်ရန်၊ လမ်း/တံတား ပြင်ဆင်သည့် စက်/ယာဉ်/ယန္တရားများနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများ အမြန်ဆုံးရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ဇရပ်ကြီးကုန်းကျေးရွာအုပ်စုရှိ နန်းတော်ဦး လောကမာရဇိန်စေတီတော်မြတ်ကြီး ထိခိုက်ပျက်စီးခဲ့မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စေတီတော်ကြီး ဘက်စုံပြန်လည်ပြုပြင်နိုင်ရေး၊ စေတီတော်ကြီး၏ ပရိဝုဏ်အတွင်း အန္တရာယ်ရှိသည့် ဇရိယာသတ်မှတ်၍ အသိပေးဆိုင်းဘုတ် တပ်ဆင်ထားရန်နှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျောင်းထိုင်ဆရာတော်အား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ငူမြို့ ဈေးပိုင်းရပ်ကွက် (၆)လမ်းရှိ ဟုတ်တိတ်တရုတ်ဘုရားရှိခိုးကျောင်းနှင့် (၁၁) ရက်ကွက်ရှိ ကန်တော်အစ္စလာမ်ဝတ်ကျောင်းတော်တို့၌ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ပြန်လည်ဆောင်ရွက်ပေးနေမှုနှင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကာ သန့်ရှင်းရေးဆောင်ရွက်ပေးနေသည့် ပရဟိတအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၁၅) ရှိ ဖြူးချောင်းတံတား တံတားချဉ်းကပ်လမ်း နိမ့်ကျနေမှုကို ဖြူးမြို့နယ် လမ်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တံတားအတက်/အဆင်းသည် အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရန်၊ တံတားများအလိုက် အရှိန်လျှော့မောင်းရန် သတိပေးဆိုင်းဘုတ်များ တပ်ဆင်သွားရန်နှင့် တံတားများ၏ ခံနိုင်ရည်နှင့် ခံနိုင်ဝန်အား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ငလျင်ဒဏ်သင့်ဒေသများ၌ ရေဝတီဖောင်ဒေးရှင်းက ကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၃၀**

မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးဒဏ်ကြောင့် ဆိုးရွားစွာကြုံတွေ့ခံစားခဲ့ရသော ဒေသများ၌ ရေဝတီဖောင်ဒေးရှင်းက ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရေဝတီဖောင်ဒေးရှင်းသည် မန္တလေး၊ နေပြည်တော်၊ အောင်ပန်းနှင့် အခြားဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် 100 Tons and 35 Tons Mobile Crane, Excavator, Wheel Loader, Dump Truck, Mini Excavator, Water Bowser အစရှိသည့် စက်ယာဉ်ယန္တရား အစီး ၃၀ ပို့ဆောင်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ကယ်ဆယ်ရေးဆောင်ရွက်နေကြသည့် စက်ယန္တရားများနှင့် လူနာတင်ယာဉ်များ၏ စက်သုံးဆီလိုအပ်ချက်များအတွက် မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ဟဲဟိုးမြို့တို့ရှိ Max Energy ဆိုင်များမှတစ်ဆင့် အခမဲ့ပံ့ပိုးပေးလျက်ရှိသည်။ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရေဝတီဖောင်ဒေးရှင်းအနေဖြင့် Max Myanmar Group, AYA Financial Group တို့နှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရှိုင်းထက်ဇော်

ဓာတ်ပုံ - ရေဝတီဖောင်ဒေးရှင်း

# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အမှုဆောင်သစ်ရွေးချယ်

**ဘားအံ မတ် ၃၀**

ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၏ ၂၀၂၅-၂၀၂၇ ခုနှစ်သက်တမ်းအတွက် အမှုဆောင်သစ်များရွေးချယ်တင်မြှောက်သည့် အခမ်းအနားကို မတ် ၂၈ ရက်က ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ထို့နောက် အသင်းသားများက အဆိုပြုလွှာများတင်သွင်းပြီး ဗဟိုအလုပ်အမှုဆောင် ၁၉ ဦးအား မဲပေးရွေးချယ်၍ အဆိုပါ ၁၉ ဦးမှ အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ သုံးဦး၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးသုံးဦး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းစစ်မှူး၊ တွဲဖက်စာရင်းစစ်မှူးများကိုရွေးချယ်ပြီး ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌက ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅ - ၂၀၂၇ ခုနှစ် သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံရသည့် အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကို ဖတ်ကြားကြေညာသည်။ ခရိုင်(ပြန်/ဆက်)



**အပူဒဏ်အန္တရာယ် ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်း အချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

# ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင် ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၁

၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်း ကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက် စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတော့င်တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်၊ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၂

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။






၃

၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။



၄

၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ၊မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၅

၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်၊ မြေပြိုနိုင်ပါသည်။

၆

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်၊ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

ဒေါ်သူဇာဝင်း နှင့် ဦးမျိုးအောင်
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၃၁/၄၆) နေ ဦးမျိုးအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်သူဇာဝင်းက အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ ရက်(၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရပ်ကွက်၊ အကွက်အမှတ်(၄၀)၊ ဦးပိုင်အမှတ်(၃၉+၄၀-က)၊ ၁ လမ်း x ၂ လမ်းကြား၊ ၇၅ x ၇၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မျိုးမြင့် ၉/မနမ(နိုင်)၀၈၈၀၉၃ က အမှုတွဲအမှတ် ၇၅၁၅/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၄)၊ ဦးပိုင်အမှတ်(၉၆)၊ ၂၈(B)လမ်း၊ ၇၁ x ၇၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလှသိန်း ၉/မရမ(နိုင်)၀၀၈၅၀၃ က အမှုတွဲအမှတ် ၇၅၁၆/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၇)၊ ဦးပိုင်အမှတ်(၇၀)၊ ၂၉(A)လမ်း၊ ၇၁ x ၇၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်နှင်းသန့် ၉/မနမ(နိုင်)၀၀၁၄၅၇၊ ဒေါ်ခိုင်နွယ်သန့် ၉/မနမ(နိုင်)၀၉၂၉၀၆ တို့က အမှုတွဲအမှတ် ၇၅၁၉/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ အမှတ်(၄၀)၊ သဇင်လမ်း၊ ချမ်းသာရပ်ကွက်တွင်နေထိုင်သူ ဦးစောဝင်းနိုင် ၁၃/တကန(နိုင်)၁၄၆၂၃၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစောဝင်းနိုင်သည် တောင်ကြီးမြို့၊ ခ/၆၂၅၊ ရှုခင်းသာလမ်း၊ ချမ်းမြသာစည်ရပ်ကွက်နေ ဒေါ်စန္ဒာနွယ် ၁၃/တကန(နိုင်)၁၅၀၄၁၃ နှင့် ၂၀၂၂ခုနှစ်၊ မတ်လ(၂၃)ရက်တွင် သက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေအပ်ပါသည်။ ဒေါ်စန္ဒာနွယ်နှင့် ပက်သက်သည့် မည့်သည့်ကိစ္စကိုမျှ ဦးစောဝင်းနိုင်အနေဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီဝင်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၀၆)**
**၂၇-၁-၂၀၂၁**
**စဥ့်ဟယ်၊ ၁/၁၀၂၊ ရွှေညောင်မြို့၊**
**ဖုန်း-၀၉-၄၂၈၂၂၁၂၅၂**

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစောဝင်းနိုင်**
**၁၃/တကန(နိုင်)၁၄၆၂၃၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၉

ဒေါ်မီမီထွန်း နှင့် ဦးဇော်မင်းဦး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူဒေါ်ရန်ချုံမိတ်(ခ) ဒေါ်ကြည်မြင့်)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက် (ဘဘ-၃/၃၅)၊ မြရည်နန္ဒာရပ်ကွက်နေ ဦးဇော်မင်းဦး(ဘ)ဦးတင်ဝင်း (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူဒေါ်ရန်ချုံမိတ်(ခ)ဒေါ်ကြည်မြင့်)(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မီမီထွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၃၂)၊ ဦးပိုင် (၈၃)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၂ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## တွေ့ရှိက အကြောင်းကြားပေးပါရန်

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ အိမ်အမှတ်(၉/၂၈၇)နေ မသီရိဝင့်ထယ် ၁၃/တခလ(နိုင်)၁၂၉၉၄၁ သည် ဖခင်ဖြစ်သူနှင့် စကားများရာမှ ဖခင်အား စိတ်ဆိုးပြီး ၂၇-၃-၂၀၂၅ ရက် ညနေ(၄)နာရီတွင် မိဘများမသိအောင် နေအိမ်မှထွက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်နှင့် လက်ခံထားသည့် ဆွေမျိုးသားချင်းများမိတ်ဆွေများမှ ပြန်လည်ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ဦးအောင်ဆန်းဦး (ဖခင်)**
**ဖုန်း-၀၉၅၂၄၂၂၀၀၊ ၀၉၆၈၉၅၄၅၀၃၂**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျိုင်းတုံမြို့၊ နောင်ကုန်ကျေးရွာ၊ ပါလင်နေ ကျွန်တော် ဦးအောင်ဌေးဝင်း ၁၃/ကတန(နိုင်)၀၀၆၃၆၁ - ဒေါ်ဒီးဏ ၁၃/ကတန(နိုင်)၀၄၇၃၄၁ တို့၏ သား မောင်ထွန်းလွင်အောင် ၁၃/ကတန(နိုင်)၁၉၁၃၀၆ သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်းကိစ္စကိုမျှ လုံး၀(လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဌေးဝင်း-ဒေါ်ဒီးဏ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာခြင်း

(ဘ) ဦးစိန်ဝင်း၏သမီး ကျွန်မဒေါ်စန္ဒာဝင်း ၁၂/လကန(နိုင်)၁၄၉၈၂၂ နှင့် (ဘ) ဦးဆွေဝင်း၏သား ဦးဝင်းသူရထိုက် ၁၃/လရန(နိုင်)၁၀၈၉၄၈ တို့သည် ၃-၁-၂၀၂၅ ရက်တွင် ကျိုင်းတုံခရိုင်တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း**
**(၁၂/လကန(နိုင်)၁၄၉၈၂၂)**

## ဖောင်းကြွပျောက်

